# မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ နတ်တော်လဆန်း ၅ ရက်၊ ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာ ၁၆ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၂)၊ အမှတ် (၇၇)


## ရည်မှန်းချက်ရှိရှိ အားထုတ်ဆောင်ရွက်

မြန်မာ့တိုင်းရင်းဆေးပညာကို ယခင် ကိုယ့်မင်းကိုယ့်ချင်းဘဝက ထည်ဝါခိုင်ခံ့ခဲ့သည့်အဆင့်အတန်းဖြင့် ပြန်လည်မြင့်မားတောက်ပြောင်ကြွားစေရေးမှာ သာမန်အားထုတ်မှုဖြင့် လုံလောက်မည်မဟုတ်ဘဲ မြန်မာ့တိုင်းရင်းဆေးပညာရှင်ကြီးများ၏ ကြိုးပမ်းစွမ်းဆောင်မှု၊ နိုင်ငံတော်အစိုးရ၏ အားပေးစောင့်ရှောက်မှု၊ ပြည်သူများ၏ ယုံကြည်ကိုးစားအားပေးမှုတို့ ပေါင်းစပ်လျက် ရည်မှန်းချက်ရှိရှိဖြင့် အားထုတ်ဆောင်ရွက်ကြရန်လို။

**နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ**

# မြန်မာ့တိုင်းရင်းဆေးပညာ၏စွမ်းရည်ထက်မြက်မြင့်မားမှုကို ရှေးမြန်မာလူမျိုးတို့၏ သက်ရှည်ကျန်းမာမှုက ထင်ရှားစွာဖော်ညွှန်းလျက်ရှိ အစွမ်းအာနိသင် ထက်မြက်သည့် တိုင်းရင်းဆေးဝါးများကို စံချိန်စံညွှန်းနှင့်အညီ သိပ္ပံနည်းကျနိုင်ငံတကာအဆင့်မီထုတ်လုပ် မြန်မာနိုင်ငံသူ နိုင်ငံသားအပေါင်းအား ထိရောက်ထက်မြက်သည့် ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်ပေးနိုင်ရေးကြိုးပမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၀၄ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် ကျင်းပသော ပဉ္စမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံသို့ ပေးပို့သည့်သဝဏ်လွှာ

မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများသည် မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ် ပညာရပ်တစ်ခုဖြစ်သည့် မြန်မာ့တိုင်းရင်းဆေးပညာ အရှည်တည်တံ့ ခိုင်မြဲတိုးပွားစေရေးနှင့် တိုင်းရင်းသားပြည်သူများအား မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးရေးတို့အတွက် အလွန်မွန်မြတ်မြင့်မားသည့် ခံယူချက်တို့ဖြင့် လက်တွေ့ကြိုးပမ်းစွမ်းဆောင်ပေးနေကြသည့် ပုဂ္ဂိုလ်များပင်ဖြစ်ပါသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✡

# နိုင်ငံတော်နှင့် တိုင်းရင်းသားအားလုံးအတွက် အမျိုးသားစည်းလုံးညီညွတ်ရေးခိုင်မြဲအောင် ကာကွယ်စောင့်ရှောက်မှုဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေး ပြည်ထောင်စုစိတ်ဓာတ်အရင်းတည် ညီညီညွတ်ညွတ်ပူးပေါင်းလက်တွဲ နိုင်ငံတော်နှင့် တစ်မျိုးသားလုံး၏အကျိုးစီးပွားကို ပြည်သူအားလုံး၏စည်းလုံးမှုအင်အားဖြင့်ကာကွယ် အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် စည်းကမ်းပြည့်ဝသောဒီမိုကရေစီနိုင်ငံတော်ဖြစ်ထွန်းရေး အသင်းဝင်များက အသိစိတ်ဓာတ်အပြည့်အဝဖြင့် ကျရာကဏ္ဍက တာဝန်ကျေပွန်အောင်ဆောင်ရွက်



**ရန်ကုန် ဒီဇင်ဘာ ၁၅**

မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကကြီးမှူး၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄)၏ ဦးတည်ချက်(၇)ရပ်၊ ရှေ့လုပ်ငန်းစဉ်(၉)ရပ်နှင့် မန္တလေးတိုင်းအတွင်း ဆောင်ရွက်ရန်လျာထားသည့် လက်တွေ့လုပ်ငန်းများကို မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက အကောင်အထည်ဖော် ဆောင်ရွက်မည့်အစီအစဉ်များနှင့်စပ်လျဉ်း၍ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ဦးတည်ချက်များ အကောင်အထည်ဖော်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၈နာရီခွဲတွင် မန္တလေးတိုင်း မန္တလေးမြို့ အမျိုးသားဓာတ်ရုံကြီး၌ ကျင်းပသည်။

*စာမျက်နှာ ၇ ကော်လံ ၁* ●



ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄)၏ ဦးတည်ချက်(၇)ရပ်၊ ရှေ့လုပ်ငန်းစဉ်(၉)ရပ်နှင့် မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက အကောင်အထည်ဖော်ဆောင်ရွက်မည့် ဦးတည်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မန္တလေးမြို့ အမျိုးသားဓာတ်ရုံ၌ ကျင်းပစဉ်။ (သတင်းစဉ်)

# နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

# မြန်မာ့အလင်း အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်)

## အိမ်ရှင်နိုင်ငံအဖြစ် ချောင်းသာကမ်းခြေ၌ ရွက်လှေပြိုင်ပွဲကျင်းပ နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် အတွေ့အကြုံများ ပိုမိုတိုးတက်နိုင်

ပြည်ထောင်စု မြန်မာနိုင်ငံတော် တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းတည်ဆောက် အကောင်အထည်ဖော်ရာ၌ နိုင်ငံသားအားလုံး ကျန်းမာကြံ့ခိုင်စေရန် လိုအပ်ပေရာ အားကစားကဏ္ဍကို နိုင်ငံတော်က အထူးဦးစားပေး မြှင့်တင်ဆောင်ရွက်ပေးလျက် ရှိသည်။

အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်ရာတွင် ပြည်တွင်း၌ နိုင်ငံတော်အဆင့် အားကစားပြိုင်ပွဲများ ကျင်းပပေးခြင်းသာမက ဒေသတွင်းနှင့် အရှေ့တောင်အာရှနိုင်ငံများ၊ နိုင်ငံတကာ အားကစား ပြိုင်ပွဲများတွင်လည်း ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။ နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် ပြည်ပသို့ သွားရောက် ယှဉ်ပြိုင်မှုများရှိသကဲ့သို့ ပြည်တွင်း၌လည်း အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပကာ ပါဝင်ယှဉ်ပြိုင်လျက် ရှိသည်။

အားကစားပြိုင်ပွဲများကို မြန်မာနိုင်ငံ၌ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခြင်းဖြင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးပွားစေသည့်အပြင် မြန်မာလူမျိုးများ၏ နီးကြားတက်ကြွမှု၊ အကြင်နာမေတ္တာတရား လက်ကိုင်ထားမှု၊ ယဉ်ကျေးဖော်ရွေ၍ နွေးထွေးပျူငှာစွာ ဆက်ဆံမှုများ နိုင်ငံများကြား ပိုမိုထင်ဟပ် ပေါ်လွင်လာစေပေသည်။

မကြာမီကပင် (၆)ကြိမ်မြောက် အာရှဂူရှူးတံခွန်စိုက်ပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့ပြီး အောင်မြင်မှုများနှင့်အတူ နိုင်ငံတကာရင်းနှီးချစ်ကြည်မှုနှင့် ဂူရှူးအတွေ့အကြုံများ တိုးတက်ရရှိခဲ့သည်။

ယခုတစ်ဖန် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် ၂၀၀၄ခုနှစ် အရှေ့တောင်အာရှ Optimist ရွက်လှေပြိုင်ပွဲကို ဧရာဝတီတိုင်း ပုသိမ်ခရိုင် ပုသိမ်မြို့နယ် ချောင်းသာကမ်းခြေ၌ ဒီဇင်ဘာလ ၁၄ ရက်မှ ၂၀ ရက်အထိ ကျင်းပလျက်ရှိရာ နိုင်ငံတကာချစ်ကြည်ရင်းနှီးမှုများနှင့် ရွက်လှေအတွေ့အကြုံများ ထပ်မံတိုးပွား ရရှိစေမည် ဖြစ်သည်။

မြန်မာနိုင်ငံ၏ ရွက်လှေသမိုင်းကြောင်းကို ပြန်ပြောင်းလေ့လာကြည့်လျှင် ရန်ကုန်ရွက်လှေအသင်းကို ၁၉၂၄ခုနှစ် ကတည်းက ရန်ကုန်မြို့ အင်းလျားကန်တွင် စတင်တည်ထောင်ခဲ့သည်။ ၁၉၆၁ ခုနှစ်တွင် ဒုတိယအကြိမ် အရှေ့တောင်အာရှ ကျွန်းဆွယ်အားကစားပြိုင်ပွဲမှစတင်၍ ရွက်လှေပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ပထမဆုံး ထည့်သွင်းကျင်းပခဲ့သည်။

၁၉၆၉ခုနှစ် (၅)ကြိမ်မြောက် အရှေ့တောင်အာရှ ကျွန်းဆွယ်အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံ ရခိုင်ပြည်နယ် ငပလီကမ်းခြေ၌ ရွက်လှေပြိုင်ပွဲကို ထည့်သွင်းကျင်းပခဲ့ရာ နိုင်ငံအတွက် ဂုဏ်ယူ ဝမ်းမြောက်ဖွယ် မှတ်တမ်းတင်ထားနိုင်ခဲ့ပေသည်။

၁၉၉၆ခုနှစ်တွင် (၉)ကြိမ်မြောက် အရှေ့တောင်အာရှ Optimist ရွက်လှေပြိုင်ပွဲကို ရန်ကုန်မြို့ အင်းလျားကန်၌ အိမ်ရှင်နိုင်ငံအဖြစ် ထပ်မံကျင်းပခဲ့ပြန်ရာ အရှေ့တောင်အာရှနိုင်ငံများအပြင် အာရှတိုက် နိုင်ငံနှစ်နိုင်ငံမှ အားကစားသမား ၅၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

Optimist ရွက်လှေအမျိုးအစားကို ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်း ၁၀၀ကျော်မှ ရာထောင်ချီသော အားကစားသမားများ စီးနင်းနေကြပြီး အသက်ခုနစ်နှစ်၊ ရှစ်နှစ်အရွယ်မှ အသက် ၁၅နှစ်အထိ စီးနင်းနိုင်ရန်အတွက် ပုံစံထုတ်ထားသည့် ရွက်လှေအမျိုးအစား ဖြစ်သည်။

မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်အနေဖြင့် ယင်းရွက်လှေအမျိုးအစားကို အခြေခံအတန်းအစားအဖြစ် သတ်မှတ်ပြီး ၁၉၉၁ခုနှစ်တွင် ရွက်လှေလေးစင်းဖြင့် အစပြုခဲ့သည်။ ယင်းအချိန်မှအစပြုပြီး ရာနှင့်ချီသော လူငယ်အားကစားသမားများကို ၁၃နှစ်အတွင်း လေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ယခုတစ်ဖန် မြန်မာနိုင်ငံ ချောင်းသာကမ်းခြေ၌ နိုင်ငံတကာအားကစားသမားများနှင့် ထပ်မံယှဉ်ပြိုင်ခွင့် ရရှိခဲ့ပြန်ရာ တွေ့ကြုံထားသော နိုင်ငံတကာရွက်လှေအတွေ့အကြုံများကို အခြေခံ၍ မြန်မာ့ရွက်လှေအားကစား သမားများ ရေကုန်ရေခန်း ပါဝင်ယှဉ်ပြိုင်နေကြပြီ ဖြစ်သည်။

အဆိုပါ ရွက်လှေပြိုင်ပွဲသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများ ဖြစ်ကြသော အင်ဒိုနီးရှားသမ္မတနိုင်ငံ၊ မလေးရှားနိုင်ငံ၊ မြန်မာနိုင်ငံ၊ စင်ကာပူသမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် အာရှနိုင်ငံများဖြစ်ကြသော ဂျပန်နိုင်ငံနှင့် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံတို့မှ အသက် ၁၅နှစ်အောက် ရွက်လှေ အားကစားသမား ၆၅ဦး ပါဝင်ယှဉ်ပြိုင်လျက်ရှိကြသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံ၏ သာယာလှပသည့် ချောင်းသာကမ်းခြေ၌ နိုင်ငံတကာရွက်လှေပြိုင်ပွဲကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခွင့်ရသဖြင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုများသာမက အားကစားအတွေ့အကြုံများ ပိုမိုတိုးတက်ရရှိလာမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# နိုင်ငံတကာသတင်းများ

## ရေနံနှင့်ဓာတ်ငွေ့ ကန်ထရိုက်စာချုပ်၄၆ခု အင်ဒိုနီးရှားအစိုးရလက်မှတ်ရေးထိုး

ဂျကာတာ ဒီဇင်ဘာ ၁၄

အင်ဒိုနီးရှားအစိုးရသည်အမေရိကန်ဒေါ်လာ ၄ ဒသမ ၂ဘီလီယံတန်ဖိုးရှိ ရေနံနှင့် ဓာတ်ငွေ့ ကန်ထရိုက်စာချုပ် ၄၆ခုကို တနင်္ဂနွေနေ့ညက လက်မှတ်ရေးထိုးခဲ့သည်။

**လက်မှတ်ရေးထိုး**

အဆိုပါစာချုပ်ကို အင်ဒိုနီးရှားသမ္မတ ဆူဆီလိုဘန်းဘန်းယူဒိုယိုနိုနှင့် အခြားအထက်တန်းအရာရှိများက လက်မှတ်ရေးထိုးခဲ့ကြခြင်း ဖြစ်သည်။ အဆိုပါကန်ထရိုက်စာချုပ်တွင် ရေနံနှင့် ဓာတ်ငွေ့ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်၁၅ချက်၊ ပြည်တွင်းဈေးကွက်အတွက် သဘာဝဓာတ်ငွေ့နှင့် ရေနံဓာတ်ငွေ့ရည် (အယ်လ်ပီဂျီ) ရောင်းချရေးသဘောတူညီမှု၁၅ခု ပါဝင်ကြောင်း အင်ဒိုနီးရှားသတင်းစာကွန်ပတ်စ်က တနင်္လာနေ့တွင် ဖော်ပြသည်။

**လျော့နည်းစေ**

ထုထည်ကြီးမားများပြားသည့် ဓာတ်ငွေ့နှင့် အယ်လ်ပီဂျီ ကန်ထရိုက်တန်ဖိုးသည် နေရောင်ခြည်၊ လေ၊ ရေစသည်တို့မှ ထုတ်ယူရရှိသော စွမ်းအင်အရင်းအမြစ်တစ်ရပ်အဖြစ် ဓာတ်ငွေ့အသုံးပြုရေးမြှင့်တင်ရန် အစိုးရ၏ ကတိပြုမှုကို ထပ်လောင်းအတည်ပြုလိုက်ခြင်းဖြစ်ပြီး ယင်းကြောင့် ရေနံစိမ်းအပေါ် နိုင်ငံ၏ မှီခိုနေမှုမှာ တဖြည်းဖြည်း လျော့နည်းသွားစေကြောင်း အင်ဒိုနီးရှားသတ္တုနှင့် တွင်းထွက်သယံဇာတဝန်ကြီး ပါနိုမိုယတ်စ်ဂျန်တိုရိုက ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

## အာရှ–ပစိဖိတ်ဒေသ စီးပွားရေး ပိုမိုလျင်မြန်စွာ တိုးတက်ဖြစ်ထွန်းလာမည်

ဗန်ကောက် ဒီဇင်ဘာ ၁၄

**အာရှ–ပစိဖိတ်ဒေသတွင် ဖွံ့ဖြိုးဆဲနိုင်ငံများ စီးပွားရေးသည် ရှေ့နှစ်တွင် ကမ္ဘာ့ပျမ်းမျှ ဖွံ့ဖြိုးမှုထက် ပိုမိုလျင်မြန်စွာ တိုးတက်ဖြစ်ထွန်းမည် ဖြစ်သော်လည်း ရေနံဈေးနှုန်းမတည်ငြိမ်သည့် စိန်ခေါ်မှုများနှင့် ကြုံရမည်ဖြစ်ကြောင်း ကုလသမဂ္ဂက ပြောကြားသည်။**

ထို့ပြင် ကမ္ဘာ့ကုန်သွယ်ရေး (ဒဗလျူတီအို)အထည်အလိပ် ခွဲတမ်းကုန်ဆုံးခြင်း၊ ပို့ကုန်ဈေးကွက်ကြီးများ တိုးတက်ဖြစ်ထွန်း နှေးကွေးသည့် စိန်ခေါ်မှုများနှင့်လည်း ကြုံကြရမည်ဟုဆိုသည်။

အာရှ–ပစိဖိတ်ဒေသတွင်တရုတ်နိုင်ငံသည် ပြည်တွင်း ထုတ်လုပ်မှု တိုးတက်နှုန်း ၈ဒသမ၈ ရာခိုင်နှုန်းဖြင့် အမြင့်ဆုံးဖြစ် ဖွယ်ရှိပြီး အိန္ဒိယနိုင်ငံက ၆ဒသမ၈ရာခိုင်နှုန်း ရှိမည်ဖြစ်ကြောင်း ကုလသမဂ္ဂ စီးပွားရေးနှင့် လူမှုရေး ကော်မရှင်ညွှန်ကြားရေးမှူးက သတင်းစာရှင်းပွဲ၌ တနင်္လာနေ့၌ ပြောကြားသည်။

ဖွံ့ဖြိုးဆဲ အာရှစီးပွားရေး၏ ပျမ်းမျှတိုးတက်နှုန်းသည် ၆ဒသမ၉ ရာခိုင်နှုန်းမှ ၆ဒသမ၂ ရာခိုင်နှုန်းသို့ နှေးကွေးသွားဖွယ် ရှိသော်လည်း အာရှ–ပစိဖိတ်ဒေသသည် ကမ္ဘာတွင် ဖွံ့ဖြိုးတိုးတက်မှုနှုန်း အမြင့်ဆုံး ဆက်လက်ရှိနေမည်ဟု ညွှန်ကြားရေးမှူး ကင်မ်ဟက်ခ်ဆုက ပြောကြားသည်။

၂၀၀၅ ခုနှစ်၌ ကမ္ဘာတစ်ဝန်း စီးပွားရေးတိုးတက်မှုသည် ပျမ်းမျှ ၃ဒသမ၄ရာခိုင်နှုန်းရှိမည်ဟု မျှော်လင့်ရကြောင်းလည်း ကင်မ်က ပြောကြားသည်။

တည်ငြိမ်မှုမရှိသော ရေနံဈေးနှုန်းများက ဒေသစီးပွားရေးကိုဆက်လက်ပြီး အကျိုးမဖြစ်ထွန်းစေမည်ဖြစ်ကြောင်း ကင်မ်က ပြောကြားသည်။

**အမ်အင်အေ၊အေပီ**

## ကမ္ဘာ့အရောင်းရဆုံးစာအုပ် တရုတ်နိုင်ငံ၌ ရိုက်နှိပ်ထုတ်ဝေ

ရှန်ရန်း ဒီဇင်ဘာ ၁၄

**ဘဝနှင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ရန်အတွက် အခြေအနေများ ဖန်တီးခြင်း၊ ကံကောင်းခြင်းအမည်ရှိ စာအုပ်ကို တရုတ်နိုင်ငံရှောင်နင်း ပြည်နယ်မြို့တော် ရှန်ရန်း၌ စနေနေ့က ရိုက်နှိပ်ထုတ်ဝေလိုက်သည်။ ယင်းစာအုပ်သည် နိုင်ငံတကာတွင် အရောင်းရဆုံးစာအုပ်ဖြစ်ကြောင်း သိရသည်။**

တရုတ်နိုင်ငံတစ်ဝန်းမှ စာအုပ်ဝယ်ယူသူများသည် ပထမအကြိမ်ထုတ်ဝေသည့် အုပ်ရေ ၁၀၀၀၀၀အားလုံးကို ဝယ်ယူခဲ့ကြပြီးဖြစ်သည်။ အဆိုပါကံကောင်းခြင်းအမည်ရှိ စာအုပ်ကို ဘာသာ၃၄မျိုးသို့ ဘာသာပြန်ဆိုထားပြီး အမေရိကန်ပြည်ထောင်စု၊ ဂျာမနီနှင့်ဗြိတိန်နိုင်ငံတို့အပါအဝင် နိုင်ငံပေါင်း၆၇နိုင်ငံတွင် ရောင်းချခဲ့ရကြောင်း၊ ပြီးခဲ့သောမတ်လက စပိန်တွင် ပထမဆုံးအကြိမ် ထုတ်ဝေခဲ့ကြောင်း၊ ယခုနှစ် နှစ်ဝက်အတွင်း ကမ္ဘာတစ်ဝန်းတွင် အုပ်ရေ ငါးသန်းကျော် ရောင်းချခဲ့ပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါစာအုပ်ကို အဲလက်ရိုဗီရာနှင့် ဖာနန်ဒိုထရီ ရက်ဒီဘိခ်တို့က ရေးသားခဲ့ခြင်းဖြစ်ပြီး အဘိုးအို မက်ခ်နှင့် ဂျင်မ်တို့၏ ဘဝဇာတ်ကြောင်းကို တင်ပြထားသည်။ ယင်းတို့နှစ်ဦးသည် ကလေးဘဝတွင် တစ်ယောက်နှင့်တစ်ယောက် နောက်ဆုံးတွေ့ဆုံခဲ့ကြပြီးနောက် နှစ်၅၀ အကြာတွင် ပြန်လည်တွေ့ဆုံသည့်အခွင့်အလမ်းကို ဖန်တီးတင်ပြထားသည်။

မက်ခ်သည် အောင်မြင်သောဘဝကို ရရှိပိုင်ဆိုင်ထားသည်။ ဂျင်မ်သည် ဝမ်းနည်းစွာဖြင့် ထိုကဲ့သို့ မဆောင်ရွက်နိုင်ပုံများကို စိတ်ဝင်စားစွာ ဖော်ပြထားသည်။ မက်ခ်၏ အောင်မြင်ရေးလျှို့ဝှက်ချက်ကို ၎င်း၏အဘိုးက သူ့အား လွန်ခဲ့သည့်နှစ်များစွာက ပြောပြခဲ့သည်ဟု တင်ပြထားသည်။

ယင်းစာအုပ်ရေးသားသည့် စာရေးဆရာနှစ်ဦးသည် စပိန်စီးပွားရေးပညာရှင်များနှင့် စီမံခန့်ခွဲရေးဆိုင်ရာ ပါမောက္ခများ ဖြစ်ခဲ့ကြသည်။ ၎င်းတို့သည် လွန်ခဲ့သောသုံး နှစ်ကျော်က ဥစ္စာခနကြွယ်ဝချမ်းသာသော လူရာပေါင်း များစွာ၏ ကံကောင်းခြင်းကို ဖန်တီးဖြစ်ပေါ်စေသည့် အဓိကအကြောင်းအရာများကို လေ့လာပြီးနောက် ဈာန်ဝင် ကွန့်မြူးကာ ယင်းစာအုပ်ကို ရေးသားခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**

## ကမ္ဘာတစ်ဝန်း ကွန်ပျူတာရောင်းချမှု ၂၀၀၅ခုနှစ်၌ ၁၀ရာခိုင်နှုန်းကျော် တိုးတက်မည်

နယူးဒေလီ ဒီဇင်ဘာ ၁၄

**ကမ္ဘာတစ်ဝန်း ကွန်ပျူတာရောင်းချမှုသည် ၂၀၀၅ ခုနှစ်တွင် ကွန်ပျူတာအလုံးပေါင်း ၁၉၅ ဒသမ ၁သန်းရှိကာ ၁၀ ဒသမ၁ရာခိုင်နှုန်း တိုးတက်လာမည်ဟု မျှော်လင့်ရကြောင်း အိုင်ဒီစီက မကြာသေးမီက ကြေညာချက်တစ်ရပ် ထုတ်ပြန်သည်။**

အခွန်ကောက်ခံရေးကာလတွင် အရောင်းတိုးတက် မှုသည် ၃ဒသမ၉ ရာခိုင်နှုန်း တိုးတက်ကာ ၂၀၁ ဘီလီယံ ဒေါ်လာရှိမည်ဖြစ်ကြောင်း အဆိုပါ လေ့လာချက်တွင် ဖော်ပြသည်။

**ခန့်မှန်း**

ပီစီကွန်ပျူတာ အရောင်းတိုးတက်မှုသည် ၂၀၀၆ခုမှ ၂၀၀၈ခုနှစ်အထိ ပျမ်းမျှနှစ်စဉ်တိုးတက်မှုမှာ ၅ဒသမ ၇ရာခိုင်နှုန်း တိုးတက်ရန် ခန့်မှန်းထားကြောင်း၊ ၂၀၀၃မှ၂၀၀၅ခုနှစ်အထိ နှစ်စဉ်ပျမ်းမျှအရောင်း တိုးတက်မှုသည် ၁၁ဒသမ၃ရာခိုင်နှုန်း၏ ထက်ဝက် ခန့်ရှိမည်ဟု ၎င်းကဖော်ပြသည်။

**ဈေးကွက်များ**

ပေါ်ပေါက်လာသော ဈေးကွက်များသည် ၂၀၀၆မှ ၂၀၀၈ခုနှစ်တွင် ပီစီဈေးကွက်တိုးတက်မှုမှာ၆၀ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းထားသည်။ **(ပီတီအိုင်)**

# မျိုးချစ်စိတ်ဓာတ်ထက်သန်မြင့်မားလှသည့် မြန်မာ့တိုင်းရင်းဆေးပညာရှင်ကြီးများ သမားတော်ကြီးများ ဆရာစဉ် သမားဆက် ထိန်းသိမ်းစောင့်ရှောက်ခဲ့မှုကြောင့် မြန်မာ့တိုင်းရင်းဆေးပညာ တည်တံ့ခိုင်မြဲနေ

✡ ရှေ့ဖုံးမှ

သို့ဖြစ်သည်နှင့်အညီ မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများ နှလုံးစိတ်ဝမ်းညီမျှစွာဖြင့် နှစ်စဉ်တွေ့ဆုံနှီးနှော ပညာဖလှယ်ကြသည့် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကြီးများယခုကဲ့သို့ အောင်မြင်ဖြစ်ထွန်းနေခြင်းသည် နိုင်ငံတော်က အလေးထား အကောင်အထည်ဖော် ဆောင်ရွက်နေသည့် မြန်မာ့တိုင်းရင်းဆေးပညာ နှုန်းမီစံကိုက်ဖွံ့ဖြိုးတိုးတက်အဓွန့်ရှည်ခိုင်မြဲရေးနှင့် တိုင်းရင်းသားပြည်သူများအား မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်လွှမ်းခြုံပေးနိုင်ရေး ရည်မှန်းချက်များအောင်မြင် ပြည့်မြောက်ရေးအတွက် များစွာအထောက်အပံ့ဖြစ်စေလျက်ရှိသည်ဟု နိုင်ငံတော်က မှတ်ယူထားသည်။

မြန်မာလူမျိုးတို့သည် ရှေးယခင်နှစ်ပေါင်းများစွာကပင် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်း၊ ကိုယ့်ယဉ်ကျေးမှုနှင့် မျိုးရိုးဂုဏ်ရှိန်မြင့်မားစွာ ရပ်တည်လာခဲ့ကြသည့် လူမျိုးများဖြစ်ပါသည်။ ရှေးမြန်မာတို့သည် ဉာဏ်ရည်၊ ဉာဏ်သွေးအရာ၌ မြင့်မားထက်မြက်ခဲ့ကြသည့်အလျောက် မိမိနိုင်ငံ၊ မိမိလူမျိုး၏ ရေမြေသဘာဝ၊ ယဉ်ကျေးမှု ဓလေ့စရိုက်၊ ထုံးတမ်းစဉ်လာများနှင့် အညီ ကိုယ်ပိုင်တွေးခေါ် တီထွင်ကြံဆမှုတို့ဖြင့် မြန်မာ့တိုင်းရင်းဆေးပညာရပ်တစ်ရပ်ကို ဖော်ထုတ်နိုင်ခဲ့ကြသည်။ မြန်မာ့တိုင်းရင်းဆေးပညာ၏ စွမ်းရည်ထက်မြက်မြင့်မားမှုကို ရှေးမြန်မာလူမျိုးတို့၏သက်ရှည်ကျန်းမာမှုက ထင်ရှားစွာဖော်ညွှန်းပြဆိုလျက်ရှိသည်။

## တိမ်မြုပ်ပျောက်ကွယ်လုမတတ်ဖြစ်

ယင်းကဲ့သို့ အရည်အသွေးထက်မြက်မြင့်မားခဲ့သော မြန်မာ့တိုင်းရင်းဆေးပညာသည် မြန်မာနိုင်ငံတော်ကြီး တိုင်းတစ်ပါးလက်အောက်ကျရောက်စဉ်ကာလအတွင်း အခြားသောရိုးရာပညာရပ်များနည်းတူ ဖိနှိပ်ချိုးနှိမ်ခံရသည့်အတွက် တိမ်မြုပ်ပျောက်ကွယ်လုမတတ်ဖြစ်ခဲ့ရပါသည်။

မျိုးချစ်စိတ်ဓာတ်ထက်သန်မြင့်မားလှသည့် မြန်မာ့တိုင်းရင်းဆေးပညာရှင်ကြီးများ သမားတော်ကြီးများ၏ ဆရာစဉ် သမားဆက် လက်ဆင့်ကမ်းပညာမျှဝေ ထိန်းသိမ်း စောင့်ရှောက်ခဲ့မှုကြောင့်သာ မြန်မာ့တိုင်းရင်းဆေးပညာမှာ ယနေ့ထက်တိုင် တည်တံ့ခိုင်မြဲနေခြင်းဖြစ်ပါသည်။

သို့ရာတွင် နက်နဲခက်ခဲသည့် ဆေးကျမ်းအသွယ်သွယ်၊ စွမ်းအင်ထက်မြက်သည့် ဆေးဝါးအဖုံဖုံ၊ ကြွယ်ဝလှသည့် ကုထုံးနည်းနာအမျိုးမျိုးတို့ဖြင့် ကုံလုံပြည့်စုံပြီး ကျယ်ဝန်းနက်ရှိုင်းလှသော ပညာရပ်တစ်ခုဖြစ်သည့် မြန်မာ့ တိုင်းရင်းဆေးပညာကို ယခင်ကိုယ့်မင်းကိုယ့်ချင်းဘဝက ထည်ဝါခိုင်ခံ့ခဲ့သည့်အဆင့်အတန်းဖြင့် ပြန်လည်မြင့်မားတောက်ကြွားစေရေးမှာ သာမာန်အားထုတ်မှုဖြင့် လုံလောက်မည်မဟုတ်ဘဲ မြန်မာ့တိုင်းရင်းဆေးပညာရှင်ကြီးများ၏ ကြိုးပမ်းစွမ်းဆောင်မှု၊ နိုင်ငံတော်အစိုးရ၏ အားပေးစောင့်ရှောက်မှု၊ ပြည်သူများ၏ ယုံကြည်ကိုးစားအားပေးမှုတို့ပေါင်းစပ်လျက် ရည်မှန်းချက်ရှိရှိဖြင့် အားထုတ်ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ပါသည်။

## အားပေးဆောင်ရွက်လျက်ရှိ

ယင်းသဘောထားခံယူချက်နှင့်အညီ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် မြန်မာ့တိုင်းရင်းဆေးပညာ နှုန်းမီစံကိုက်တိုးတက်ထွန်းကားပြန့်ပွားစေရေး၊ နိုင်ငံတကာအဆင့်မီ ဆေးပညာရပ်တစ်ခုအဖြစ် စည်းစနစ်တကျ ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး၊ အစွမ်းအာနိသင်ထက်မြက်သည့် တိုင်းရင်းဆေးဝါးများကို သိပ္ပံနည်းကျ ထုတ်လုပ်မှုနည်းစဉ်များဖြင့် စံချိန်စံညွှန်းကိုက်ညီစွာ နိုင်ငံတကာ အဆင့်မီ ထုတ်လုပ်နိုင်စေရေးတို့အတွက် စနစ်တကျ အားပေးဆောင်ရွက်လျက်ရှိပါသည်။

ယခုအချိန်အခါတွင် မြန်မာ့တိုင်းရင်းဆေးပညာအဆင့်အတန်း ပြန်လည်မြင့်မားတောက်ကြွားလာမှု၊ တိုင်းရင်းသားပြည်သူများက မြန်မာ့တိုင်းရင်းဆေးပညာအပေါ် ပိုမိုယုံကြည်အားထားကိုးစားလာမှု၊ ခေတ်မီတိုင်းရင်းဆေးဝါးလုပ်ငန်းကြီးများ အောင်မြင်ဖြစ်ထွန်းနေမှု၊ အဆင့်မြင့်မြန်မာ့တိုင်းရင်းဆေးရုံကြီးများ၊ တိုင်းရင်းဆေး သုတေသနလုပ်ငန်းများ ပေါ်ထွန်းလာမှုစသည့်အခြေခံကောင်း၊ အကျိုးရလဒ်ကောင်းများကို မျက်ဝါးထင်ထင် မြင်တွေ့နေရပြီဖြစ်ပါသည်။

အထူးသဖြင့် နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းတမ်းများ၊ ခေတ်မီသင်ကြားမှု သင်ယူမှုအထောက်အကူပြု ပစ္စည်းများဖြင့် စနစ်တကျလေ့ကျင့်သင်ကြားပေးပြီး အဆင့်မြင့်ဘွဲ့ဒီဂရီများ ပေးအပ်လျက်ရှိသည့် တိုင်းရင်းဆေးတက္ကသိုလ်ကြီး ပေါ်ထွန်းလာမှု၊ မြန်မာ့တိုင်းရင်းဆေးသမားတော်များကို စည်းလုံးညီညွတ်ခိုင်မာသော အမျိုးသားရေးစွမ်းအားစုကြီးအဖြစ် စည်းရုံးဦးဆောင်နေသည့် မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာ အသင်းကြီး ပေါ်ထွန်းလာမှု၊ မြန်မာ့တိုင်းရင်းဆေးလောကတိုးတက်မြင့်မားရေးအတွက် စုစည်းညီညွတ်စွာ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်နိုင်သည့် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကြီးများ အောင်မြင်ဖြစ်ထွန်းနေမှုတို့သည် မြန်မာ့တိုင်းရင်းဆေးပညာ သမိုင်းတွင် မော်ကွန်းမှတ်တမ်းရေးထိုးရမည့် တိုးတက်ဖြစ်ထွန်းမှုများပင်ဖြစ်ပါသည်။

## စွမ်းစွမ်းတမံ

ယင်းသို့သော အခြေအနေအချိန်အခါကောင်းတွင် ရရှိဖြစ်ထွန်းနေပြီဖြစ်သည့်အောင်မြင်မှုအကျိုးရလဒ်ကောင်းများကို ထပ်ဆင့်မြှင့်တင်ရင်း မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများ၏ စုစည်းခိုင်မာသော စုပေါင်းစွမ်းအားဖြင့် မြန်မာ့တိုင်းရင်းဆေးပညာ တိုးတက်ထွန်းကားပြန့်ပွားရေးနှင့် မြန်မာနိုင်ငံသူ နိုင်ငံသားအပေါင်းအား ထိရောက်ထက်မြက်သည့် ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်ပေးနိုင်ရေးတို့အတွက် စွမ်းစွမ်းတမံ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းအပ်ပါသည်။

မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကြီး မွန်မြတ်သောရည်မှန်းချက်များနှင့်အညီ ပြည့်ပြည့်ဝဝ အောင်မြင်ဖြစ်ထွန်းပါစေ၊ အမျိုးသားအမွေအနှစ်နှင့် အမျိုးသားရေးဂုဏ်ဒြပ်ဖြစ်သည့် မြန်မာ့တိုင်းရင်းဆေးပညာ တိုးတက်မြင့်မားပြီး နိုင်ငံတကာသို့တိုင်ထွန်းကားပြန့်ပွားအောင် ညီညီညွတ်ညွတ်၊ စွမ်းစွမ်းတမံ အားထုတ်မြှင့်တင်ပေးနိုင်ကြပါစေဟုဆန္ဒပြုလိုက်ပါသည်။ ။

---

## ဒို့ကျေးရွာဂျာနယ် အတွဲ(၁)၊အမှတ်(၄)ထွက်ပါပြီ



ရန်ကုန် ဒီဇင်ဘာ ၁၅

လူ၏အသိဉာဏ်ကို မြှင့်တင်ကြသည်မှာ စာပေဖြစ်ပါသည်။ စာဖတ်ခြင်းက အသိပညာဗဟုသုတပြည့်ဝ စေသည်။ ထို့ကြောင့် ကျေးလက်ဒေသနေ ပြည်သူများ အသိပညာဗဟုသုတပြည့်ဝစေရေးအတွက် ဒို့ကျေးရွာဂျာနယ်က အဘက်ဘက်မှ ကူညီအားပေးလျက်ရှိသည်။ ယခုအပတ်ဒို့ ကျေးရွာဂျာနယ်တွင် ကျေးလက်ဒေသနေ တောင်သူများအတွက် စာဖတ် အပန်းဖြေနိုင်ပြီး ပညာဗဟုသုတရစေဖို့အတွက် စပါးတလင်း၊စီးပွားဖြစ် ငှက်ပျောစိုက်ပါ၊ ရွက်ဖုံးပုပ်ရောဂါနှင့် စပါးကုပ်ကျိုးရောဂါ၊ ကူးစက်တတ်သော အဆစ်ရောင်ရောဂါ၊ မြွေဆိုး အန္တရာယ် ကာကွယ်နည်းများနှင့် ရင်တွင်းစကား ဆောင်းပါးများအပြင် ဝတ္ထုတို၊ ဟာသ၊ ကာတွန်း၊ ကုန်စည် ဈေးနှုန်းသတင်း၊ မိုးလေဝသ ခန့်မှန်းချက်နှင့် ဗေဒင်ကဏ္ဍများကိုလည်း ဝေဝေဆာဆာဖြင့် ထုတ်နေပါပြီ။ ဒို့ကျေးရွာ စာမူကိစ္စများအတွက် အမှတ်(၃၀-၃၂) ၁၀လမ်း လမ်းမတော်မြို့နယ် ရန်ကုန်သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။

(သတင်းစဉ်)

---

## သထုံအသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဒီဇင်ဘာ ၁၅

သထုံအသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးနှင့် ၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်မြင်သော အသင်းဝင် သားသမီးများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ၊ နှစ်စဉ်ပညာသင်ဆုရ ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပွဲနှင့် နိုင်ငံတော်မှ ချီးမြှင့်သော ဘွဲ့တံဆိပ်ရ အသင်းဝင်များအား ဂုဏ်ပြုပွဲတို့ကို ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်ရှိ ကိုးထပ်ကြီးဘုရား သန္တိသုခဓမ္မာရုံတွင် ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၉ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်သည်။

၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်မြင်သော အသင်းဝင် သားသမီးများစာရင်းကို ဥက္ကဋ္ဌဦးစောလွင် ဖုန်း-၅၁၀၃၄၀၊ ၅၁၀၆၆၃၊ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်ပြုံး ဖုန်း-၂၁၁၆၅၈၊ အတွင်းရေးမှူး ဦးအောင်မြင့်လွင် ဖုန်း-၅၇၂၁၉၄တို့သို့ ၂၀၀၅ခုနှစ် ဇန်နဝါရီ၅ရက် နောက်ဆုံးထား၍ ပေးပို့နိုင်ကြောင်းနှင့် အသင်းဝင်ဖြစ်စေ၊ မဝင်ရသေးသည်ဖြစ်စေ အစည်းအဝေးတက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားကြောင်းသိရသည်။

(က-ပ)

---

**အဖျောက်အသင်း (ရန်ကုန်)၏ ပထမအကြိမ် နှစ်ပတ်လည် အစည်း အဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၂ ရက်က ဗဟန်းမြို့နယ် အဖျောက်ကျောင်းတိုက် ဓမ္မာရုံတွင်ကျင်းပရာတက္ကသိုလ်ဝင်တန်း ခြောက်ဘာသာ ဂုဏ်ထူးရှင် မထူးပြည့်လှိုင်အား အသင်းနာယက ဦးမျိုးမြင့်က ဂုဏ်ပြုဆုငွေချီးမြှင့်စဉ်။**

(က-ပ)







**အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ပဉ္စမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြားစဉ်။** (သတင်းစဉ်)

■ *ကျောဖုံးမှ*

အဆိုပါ ညီလာခံဖွင့်ပွဲအခမ်းအနားသို့ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဒုတိယဝန်ကြီးများ၊ အမျိုးသားကျန်းမာရေးကော်မတီဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းရင်းဆေးကောင်စီဝင်များ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်းမှ တာဝန်ရှိသူများ၊ မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများ၊ မြန်မာ့တိုင်းရင်းဆေးသမားတော်များ၊ ညီလာခံကိုယ်စားလှယ်များ၊ တိုင်းရင်းဆေးဝါး စစ်ဆေးရေးဗဟိုကော်မတီဝင်များ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာကော်မတီ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံဆရာဝန်အသင်း၊ မြန်မာနိုင်ငံသူနာပြုအသင်း၊ မြန်မာနိုင်ငံသွားဘက်ဆိုင်ရာဆရာဝန်အသင်းနှင့် မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းတို့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

## ဖိတ်ကြား

အခမ်းအနားတွင် ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပဉ္စမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံသို့ ပေးပို့သောသဝဏ်လွှာကို ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်က ဖတ်ကြားသည်။ **(ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ သဝဏ်လွှာကို သီးခြားဖော်ပြထားပါသည်။)**

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က မိန့်ခွန်းပြောကြားရာတွင် မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်မှ မြန်မာ့တိုင်းရင်းဆေးသမားတော်များ တစ်စိတ်တည်းတစ်ဝမ်းတည်း စည်းလုံးညီညွတ်စွာဖြင့် နှစ်စဉ်စုစည်း တွေ့ဆုံဆွေးနွေးပညာဖလှယ်ကြသည့် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကြီး ယခုကဲ့သို့အောင်မြင်ဖြစ်ထွန်းနေခြင်း၏ အကျိုးကျေးဇူးကြောင့် မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီး များကို ညီညွတ်ခိုင်မာသော အမျိုးသားရေးစွမ်းအားစုကြီးတစ်ရပ်အဖြစ် ဦးစီးဦးဆောင်နိုင်သည့် မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်းကြီး ပေါ်ထွန်း လာမှုအပါအဝင် မြန်မာ့တိုင်းရင်းဆေးပညာသမိုင်းတွင် ထူးခြားထင်ရှားသည့် တိုးတက်ဖြစ်ထွန်းမှုအကျိုးရလဒ်ကောင်းများ များစွာပေါ်ထွန်းလာခဲ့ပြီလည်းဖြစ်ကြောင်း။

## အားပေးမြှင့်တင်ဆောင်ရွက်

ယနေ့အချိန်အခါတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးကို မိမိတို့၏ ကိုယ်ပိုင်အမျိုးသားရေးစွမ်းအားစုများ၏ စွမ်းပကားဖြင့် ကြိုးပမ်းတည်ဆောက်လျက်ရှိပြီး ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို တိုးမြှင့်လွှမ်းခြုံပေးနိုင်စေရအောင် စီမံဆောင်ရွက်လျက်ရှိရာတွင် မြန်မာလူမျိုးအများစုကြီး၏ မှီခိုအားထားရာဖြစ်သည့် မြန်မာ့တိုင်းရင်းဆေးပညာ အရည်အသွေးပြည့်ဝမြင့်မားစေရေး၊ နိုင်ငံတကာအဆင့်မီ ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးနှင့် မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုကျယ်ပြန့် ထိရောက်စွာ တိုးမြှင့်လွှမ်းခြုံပေးနိုင်စေရေးတို့ကို ကျန်းမာရေးဆိုင်ရာမူဝါဒတစ်ရပ်အဖြစ် ချမှတ်ပြီး အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကလည်း တန်ဖိုးမဖြတ်နိုင်သည့် အမျိုးသားအမွေအနှစ် ပညာရပ်တစ်ခု ပြန်လည်ထွန်းကားပြန့်ပွားလာစေရန်နှင့် ခေတ်နှင့်လျော်ညီစွာ နည်းလမ်းတကျ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် မြန်မာ့တိုင်းရင်းဆေးပညာ ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် စီမံဆောင်ရွက်သွားကြရန် လမ်းညွှန်မှုများပေးခဲ့သည့်အပြင် လုပ်ငန်းတာဝန်များပါ ချမှတ်ပေးခဲ့ကြောင်း။

## ကျင်းပပေးနိုင်လျက်ရှိ

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတော်အစိုးရအနေဖြင့် တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်နေသည့် တိုင်းရင်းဆေးပညာရပ်များ၊ အစွမ်းထက်သည့်ဆေးစွမ်းကောင်းများ၊ တတ်သိကျွမ်းကျင်သော သမားတော်ကြီးများ၊ ထိရောက်ထက်မြက်သည့် ကုထုံးနည်းနာများ ပြန်လည်ဖော်ထုတ်ပြီး စနစ်တကျထွန်းကားပြန့်ပွားစေရေးအတွက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ဆွေးနွေးပွဲများကို ၁၉၉၆ခုနှစ်မှစပြီး ပြည်နယ်နှင့်တိုင်းအလိုက် နှစ်စဉ်အလှည့်ကျ ကျင်းပပေးခဲ့ရာတွင် ၂၀၀၀ပြည့်နှစ်မှစပြီး မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံများကို အဆင့်မြှင့်တင် ကျင်းပပေးနိုင်လျက်ရှိနေပြီဖြစ်ကြောင်း။

မြန်မာ့တိုင်းရင်းဆေးပညာ နည်းလမ်းတကျ ထွန်းကားပြန့်ပွားရေးအတွက် တိုင်းရင်းဆေးပညာဒီပလိုမာသင်တန်းများ၊ တိုင်းရင်းဆေးဆရာသင်တန်းများသာမက ယခုဆိုလျှင် နယကြီးလေးပါး အကျုံးဝင်သည့် မြန်မာ့တိုင်းရင်းဆေးပညာရပ်များ၊ သိပ္ပံပညာရပ်များနှင့် အနောက်တိုင်းဆေးပညာရပ် အခြေခံများပေါင်းစည်းပါဝင်သည့် ခေတ်မီအဆင့်မြင့် သင်ရိုးညွှန်းတမ်းများဖြင့် စနစ်တကျလေ့ကျင့် သင်ကြားပေးပြီး ဘွဲ့ဒီဂရီအပ်နှင်းနိုင်သည့် မြန်မာ့တိုင်းရင်းဆေးတက္ကသိုလ်ကြီးတစ်ခု ၂၀၀၁ခုနှစ်တွင် ပေါ်ထွန်းလာခဲ့ပြီဖြစ်ကြောင်း။

တိုင်းရင်းသားပြည်သူများကို မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်လွှမ်းခြုံပေးနိုင်စေရေးအတွက် ပြည်နယ်နှင့်တိုင်းများအားလုံး၌ တိုင်းရင်းဆေးရုံများ ကိုယ်စီကိုယ်စီ ပေါ်ထွန်းနေပြီဖြစ်ပြီး ယခုဆိုလျှင် နိုင်ငံတော်တစ်ဝန်းလုံးတွင် ခုတင် ၅၀ ဆံ့တိုင်းရင်းဆေးရုံနှစ်ရုံ၊ ၁၆ ခုတင်



**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပဉ္စမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံသို့ ပေးပို့သည့် သဝဏ်လွှာကို ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်က ဖတ်ကြားစဉ်။** (သတင်းစဉ်)

ဆံ့ တိုင်းရင်းဆေးရုံ ၁၂ရုံ၊ ခရိုင်နှင့် မြို့နယ်တိုင်းရင်းဆေးကုဌာန ၂၃၇ခု ဖြန့်ကြက်ဖြစ်ထွန်းနေပြီဖြစ်ကြောင်း။

## အကျိုးရလဒ်ကောင်းများ

မြန်မာ့တိုင်းရင်းဆေးပညာရပ်များကို နိုင်ငံတကာအဆင့်မီပညာရပ်တစ်ခုအဖြစ် စနစ်တကျ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ မြန်မာ့တိုင်းရင်းဆေးဝါးနှင့်ကုထုံးများကို ခေတ်မီပစ္စည်းကိရိယာများနှင့် စနစ်တကျသုတေသနပြုပြီး စံချိန်စံညွှန်းများ ဖော်ထုတ်မှတ်တမ်းတင်မှုများ၊ မြန်မာနိုင်ငံအတွင်း အဖြစ်များသည့်ရောဂါကြီးများအပြင် အနောက် တိုင်းဆေးဝါးနှင့် ကုသ၍မပျောက်ကင်းနိုင်သည့် ရောဂါဆန်းများကို ကုသပျောက်ကင်းနိုင်သည့် မြန်မာ့တိုင်းရင်းဆေးပညာရပ်များ၊ ကုထုံးများနှင့် ဆေးဝါးများ သုတေသနပြုမှတ်တမ်းတင်မှုများ၊ အနောက်တိုင်းဆေးပညာ၊ ဆေးရုံသုံး ခေတ်မီပစ္စည်းကိရိယာများနှင့် မြန်မာ့တိုင်းရင်းဆေးပညာ ပေါင်းစပ်ကုသမှုများကို နိုင်ငံတော်အပိုင်းက ကျယ်ကျယ် ပြန့်ပြန့် ဆောင်ရွက်နေပြီး အကျိုးရလဒ်ကောင်းများလည်း ရရှိဖြစ်ထွန်းနေပြီ ဖြစ်ကြောင်း။

အထူးသဖြင့် နိုင်ငံတော်အစိုးရ၏ အားပေးဆောင်ရွက်မှုနှင့်အတူ ပုဂ္ဂလိကကဏ္ဍ တိုင်းရင်းဆေးဝါးထုတ်လုပ်မှုလုပ်ငန်းကြီးများ အောင်မြင်ဖြစ်ထွန်းနေပြီး နိုင်ငံတကာအဆင့်မီ ထုတ်လုပ်မှုနည်းစဉ်များ၊ ခေတ်မီပစ္စည်းကိရိယာများ၊ နိုင်ငံတကာအသိအမှတ်ပြု စံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ်သည့် အစွမ်းအာနိသင်ထက်မြက်သော မြန်မာ့တိုင်းရင်းဆေးဝါးများ တွင်တွင်ကျယ်ကျယ် ဖြစ်ထွန်းနေပြီဖြစ်ကြောင်း။

ထိုကဲ့သို့ မြန်မာ့တိုင်းရင်းဆေးပညာ တစ်ခေတ်ဆန်းသစ်ထွန်းတောက်ပြီး အောင်မြင်မှုအကျိုးရလဒ်ကောင်းများ တိုးပွားဖြစ်ထွန်းနေသည့် အခြေအနေ အချိန်အခါကောင်းတွင် မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများအနေဖြင့် အောင်မြင်တိုးတက် ဖြစ်ထွန်းမှုအရှိန်အဟုန်ကို ထိန်းသိမ်းမြှင့်တင်ရင်း အစဉ်အလာ ကြီးမားခန့်ထည်ခဲ့သည့် မြန်မာ့တိုင်းရင်းဆေးပညာ၏ ရှိရင်းစွဲစွမ်းရည်သတ္တိနှင့် ဂုဏ်ရည်များ မယိုယွင်း မပျောက်ပျက်စေဘဲ မြန်မာ့တိုင်းရင်းဆေးပညာကို နိုင်ငံတကာကလက်ခံနိုင်သည့် သိပ္ပံနည်းကျ ဆေးပညာရပ်တစ်ခုအဖြစ် ဖြစ်ထွန်းလာစေရအောင် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြပါဟု တိုက်တွန်းပြောကြားလိုကြောင်း။

## စနစ်တကျ ပေါင်းစည်းပေး

တိုင်းရင်းဆေးပညာ အဖွဲ့အစည်းပေါင်းများစွာကို မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်းကြီး၏ အလံတော်အောက်တွင် စည်းလုံးညီညွတ်ခိုင်မာစွာ စုစည်းစည်းရုံးနိုင်ခဲ့သည့် စိတ်ဓာတ်နှင့် စွမ်းပကားကို အခြေခံပြီး တိုင်းရင်းဆေးပညာအရပ်ရပ်၊ ကုထုံးနည်းအဖုံဖုံ၊ သမားစဉ်အသွယ်သွယ်တို့၏ အဆီအနှစ်အညွှန့်အဖူးများကို စနစ်တကျ ပေါင်းစည်းပေးပြီး တစုတစည်းတည်းသော အမျိုးသားဆေးပညာရပ်ကြီးအဖြစ် ဖြစ်ထွန်းလာစေရန် ဆက်လက် အားထုတ်ကြိုးပမ်း ဆောင်ရွက်သွားကြပါဟု တစ်ဆက်တည်း ပြောကြားလိုကြောင်း။

တစ်ဆက်တည်းမှာပင် မြန်မာ့တိုင်းရင်းဆေးပညာကို အစဉ်တစိုက် မှီခိုအားထားလာခဲ့ကြသည့် ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်လွှမ်းခြုံပေးနိုင်စေရေးအတွက် ယနေ့နိုင်ငံတော်က အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်ပါ ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားစေရေး လုပ်ငန်းများတွင် မြန်မာ့တိုင်းရင်းဆေးပညာရပ်၏ စွမ်းပကားဖြင့် ပါဝင်ကြိုးပမ်းစွမ်းဆောင်ပေးကြပါဟု တိုက်တွန်းပြောကြားသွားသည်။

ညီလာခံဖွင့်ပွဲအပြီးတွင် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် အဖွဲ့ဝင်များနှင့် အတူ သံတမန်များ၊ တိုင်းရင်းဆေးကောင်စီဝင် သမားတော်ကြီးများနှင့် ညီလာခံတက်ရောက်လာကြသည့် တိုင်းရင်းဆေးသမားတော်များအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ကြသည်။

**(သတင်းစဉ်)**

## မြဝတီရုပ်မြင်သံကြား

**၁၆–၁၂–၂၀၀၄**
**(ကြာသပတေးနေ့)**
**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၅ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၅ ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
၄:၅၅ ၈။ မျိုးချစ်တပ်မတော်
၅:၀၅ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် အရှေ့တိုင်းပညာအထူးပြု (ပထမနှစ်) ပညာရေးဆိုင်ရာ မင်္ဂလာတေး
၅:၃၅ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၆။ **“ထူးခြားသောကလေးငယ်”** ကာတွန်းဇာတ်လမ်း
၆:၅၀ ၁၇။ လျှပ်တစ်ပြက်
၇:၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“သပွတ်အူပမာ”**(အပိုင်း–၁၂)
၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၁။ မြန်မာ့ရှုခင်း
၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ရတနာသိုက်နှင့် ရန်နိုင်ဓား”** (အပိုင်း–၃၀)

# ပဋ္ဌမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကျင်းပ အဆို (၇)ရပ် အတည်ပြုဆုံးဖြတ်ကြောင်းကြေညာ

ရန်ကုန် ဒီဇင်ဘာ ၁၅

**ပဋ္ဌမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဆွေ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ မြန်မာတိုင်းရင်းဆေး ကောင်စီသမားတော်ကြီးများ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်းမှ တိုင်းရင်းဆေးသမားတော်များ၊ ပဋ္ဌမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ ဦးစီးကော်မတီဝင်များနှင့် ပြည်နယ်နှင့်တိုင်းများမှ ညီလာခံကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။**

## စုံလင်စွာတက်ရောက်

ပဋ္ဌမအကြိမ် မြန်မာ့တိုင်းရင်းဆေး သမားတော်များ ညီလာခံ နံနက်ပိုင်း အစီအစဉ်များကို နံနက် ၉ နာရီတွင် စတင်ကျင်းပရာ သဘာပတိအဖြစ် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဒေါက်တာမြဦးက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် တိုင်းရင်းဆေးကောင်စီဥက္ကဋ္ဌ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဆွေ၊ တိုင်းရင်းဆေးကောင်စီဝင်များဖြစ်ကြသော ဦးဉာဏ်လွင်၊ ဦးဉာဏ်ထွန်းနှင့် ဦးမောင်ဉာဏ်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် တိုင်းရင်းဆေး ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်မြတ်အုန်းခင်က ဆောင်ရွက်သည်။

ပဋ္ဌမအကြိမ် မြန်မာ့တိုင်းရင်းဆေး သမားတော်များ ညီလာခံသို့ ညီလာခံ ကိုယ်စားလှယ် ၄၂၁ ဦး ဖိတ်ကြားခဲ့ရာ ကိုယ်စားလှယ်များစုံညီစွာတက်ရောက်ကြသည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေး စတင်ကြောင်း ကြေညာသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက အမှာစကား ပြောကြားသည်။

## အဆိုပြုချက်အမှတ်(၁)

ယင်းနောက် အဆိုပြုချက်များ တင်သွင်းခြင်းနှင့် ထောက်ခံဆွေးနွေးခြင်းအခမ်းအနား နံနက်ပိုင်း အစီအစဉ်ကို ကျင်းပရာ ရှေးဦးစွာ အဆိုပြုချက် အမှတ်(၁)ဖြစ်သည့်**“ မြန်မာတိုင်းရင်းဆေးပညာအစဉ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းဆေးသမားတော်များက အစွမ်းထက်မြက်ထိရောက်သော မြန်မာ့တိုင်းရင်းဆေးများနှင့် ကုထုံးများကို ကြိုးပမ်းဖော်ထုတ်ရန်”** အဆိုကို ကချင်ပြည်နယ် မိုးညှင်းမြို့နယ်မှ ညီလာခံ ကိုယ်စားလှယ် ဦးခင်မောင်ဝင်းက ဖတ်ကြားတင်သွင်းရာ ဧရာဝတီတိုင်း ဖျာပုံမြို့နယ်မှ ညီလာခံ ကိုယ်စားလှယ် ဒေါ်အေးအေးမိုးက ထောက်ခံဆွေးနွေးသည်။

## အဆိုပြုချက်အမှတ်(၂)

ဆက်လက်၍ အဆိုပြုချက် အမှတ်(၂)ဖြစ်သည့်**“မြန်မာ့ဆေးဖက်ဝင် ပရဆေးပင်များ မျိုးတုံး ပျောက်ကွယ်ခြင်းမှကာကွယ်ရေး ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန်”**အဆိုကို မန္တလေးတိုင်း အောင်မြေသာစံမြို့နယ်မှ တိုင်းရင်းသမားတော် ဦးစိုးမိုးလှိုင်က ဖတ်ကြားတင်သွင်းရာ သစ်တောဦးစီးဌာန သစ်တောသုတေသနဌာန (ရေဆင်း)မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်ဝင်းမြင့်က ထောက်ခံဆွေးနွေးသည်။

## အဆိုပြုချက်အမှတ်(၃)

ယင်းနောက် အဆိုပြုချက် အမှတ်(၃)ဖြစ်သည့်**“မြန်မာ့တိုင်းရင်းဆေးဝါးများ၏ အရည်အသွေးနှင့် အစွမ်းထက်မြက်မှုကို ထိခိုက်စေသော မလိုလားအပ်သည့် ဆောင်ရွက်ချက်များကို တားဆီးကာကွယ်ရန်”** အဆိုကို ပဲခူးတိုင်းမှညီလာခံ ကိုယ်စားလှယ် ဦးကြည်လင်းက ဖတ်ကြားတင်သွင်းရာ ကရင်ပြည်နယ်မှ ညီလာခံကိုယ်စားလှယ် ဦးမိုးသက်နိုင်က ထောက်ခံဆွေးနွေးသည်။

## အဆိုပြုချက်အမှတ်(၄)

ထို့နောက် အဆိုပြုချက် အမှတ်(၄) ဖြစ်သည့်**“တိုင်းရင်းဆေးလောက၏ ဂုဏ်သိက္ခာကို ညှိုးနွမ်းစေသော ပြုမှု ဆောင်ရွက်ချက်များကို ဖော်ထုတ်တားဆီးရန်”**အဆိုကို ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ်မှ ညီလာခံ ကိုယ်စားလှယ် ဗိုလ်မှူးချုပ်ချုပ်အောင်က ဖတ်ကြား တင်သွင်းရာ ချင်းပြည်နယ်မှ ညီလာခံ ကိုယ်စားလှယ် ဒေါ်သင်းသင်းခိုင်က ထောက်ခံဆွေးနွေးသည်။

## အဆိုပြုချက်အမှတ်(၅)

ဆက်လက်၍ အဆိုပြုချက် အမှတ် (၅)ဖြစ်သည့် **“ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် တိုင်းရင်းဆေးပညာနှင့် အနောက်တိုင်းဆေးပညာ ပေါင်းစပ်ဆောင်ရွက်ခြင်းကို တိုးမြှင့်ရန်”**အဆိုကို ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်မှ ညီလာခံကိုယ်စားလှယ် ဦးအလုစိန်က ဖတ်ကြားတင်သွင်းရာ စစ်ကိုင်းတိုင်း မုံရွာမြို့နယ်မှ ညီလာခံ ကိုယ်စားလှယ် ဦးဇော်သက်အောင်က ထောက်ခံဆွေးနွေးသည်။

ထို့နောက် ပဋ္ဌမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ ဒုတိယပိုင်းအစီအစဉ်များကိုမွန်းတည့် ၁၂ နာရီတွင်ပြန်လည်ကျင်းပရာသဘာပတိအဖြစ် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များ အဖြစ် တိုင်းရင်းဆေးကောင်စီဥက္ကဋ္ဌ တိုင်းရင်းဆေး ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဒေါက်တာသိန်းဆွေ၊ တိုင်းရင်းဆေးကောင်စီဝင်များ ဖြစ်ကြသော ဦးဋ္ဌေးမြင့်၊ ဦးစိုးလှိုင်၊ ညီလာခံ ကိုယ်စားလှယ် ဦးသန်းညွှန့်တို့က ဆောင်ရွက်ကြကာ အခမ်းအနားမှူး အဖြစ် တိုင်းရင်းဆေးပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုးဝင်းက ဆောင်ရွက်သည်။

## အဆိုပြုချက်အမှတ်(၆)

ယင်းနောက် အဆိုပြုချက် အမှတ် (၆) ဖြစ်သည့်**“အစွမ်းထက်မြက်သည့် တိုင်းရင်းဆေးဝါးများ ပေါ်ထွက်ရေးအတွက် တိုင်းရင်းဆေးသုတေသနလုပ်ငန်းများကိုတိုးမြှင့်ဆောင်ရွက်ရန်”** အဆိုကို မွန်ပြည်နယ်မှ ညီလာခံ ကိုယ်စားလှယ် ဦးကျော်တင့်က ဖတ်ကြားတင်သွင်းရာ မကွေးတိုင်းမှ ညီလာခံကိုယ်စားလှယ် ဦးသိုက်ထွန်းက ထောက်ခံဆွေးနွေးသည်။

## အဆိုပြုချက်အမှတ်(၇)

ထို့နောက် အဆိုပြုချက် အမှတ်(၇) ဖြစ်သည့်**“မြန်မာ့တိုင်းရင်းဆေးပညာဖြင့် အဖြစ်များသည့် ရောဂါများကို ကာကွယ်ကုသမှု ပေးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန်”** အဆိုကို တနင်္သာရီတိုင်းမှညီလာခံကိုယ်စားလှယ် ဦးကျော်နိုင်ဦးက ဖတ်ကြားတင်သွင်းရာ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်မှ ညီလာခံကိုယ်စားလှယ် ဦးစောမြတ်ဘုန်းကြွယ်က ထောက်ခံဆွေးနွေးသည်။

ယင်းနောက် ပဋ္ဌမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံသို့ ပေးပို့သော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို မြန်မာ့တိုင်းရင်းဆေး သမားတော်များ ညီလာခံက မှတ်တမ်းတင်ကြောင်းနှင့် သဝဏ်လွှာတွင် ပါရှိသော သြဝါဒ မိန့်မှာချက်များကို တိုင်းရင်းဆေးသမားတော် အသီးသီး၏ လုပ်ငန်းလမ်းညွှန်အဖြစ် ခံယူလိုက်နာ ကျင့်သုံးသွားရန် ဤညီလာခံက ဆုံးဖြတ်ကြောင်း သဘာပတိက ကြေညာသည်။

## အတည်ပြုဆုံးဖြတ်

ထို့နောက် သဘာပတိက ပဋ္ဌမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံတွင် တင်သွင်းသည့် အဆို(၇)ရပ်ကို အတည်ပြုရန် ညီလာခံကိုယ်စားလှယ်များ၏ ဆန္ဒကိုရယူပြီး အဆို(၇)ရပ်ကို အတည်ပြု ဆုံးဖြတ်ကြောင်း ကြေညာသည်။





**ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး ပဋ္ဌမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

ဆက်လက်၍ မြန်မာ့တိုင်းရင်းဆေး သမားတော်များ ညီလာခံတွင် မိန့်ကြားခဲ့သည့်အမျိုးသားကျန်းမာရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၏ ညီလာခံအဖွင့်မိန့်ခွန်းကို တိုင်းရင်းဆေးသမားတော်များ ညီလာခံက မှတ်တမ်းတင်ကြောင်းနှင့် မိန့်ခွန်းတွင်ပါရှိသည့် မိန့်မှာချက်များကို တိုင်းရင်းဆေးသမားတော်အသီးသီး၏ လုပ်ငန်းလမ်းညွှန်အဖြစ် ခံယူလိုက်နာ ကျင့်သုံးသွားရန် ဤညီလာခံက ဆုံးဖြတ်ကြောင်း သဘာပတိက ကြေညာသည်။

ယင်းနောက် သဘာပတိကျန်းမာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက နိဂုံးချုပ် အမှာစကား ပြောကြားပြီး ပဋ္ဌမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံ ကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

ပဋ္ဌမအကြိမ် မြန်မာ့တိုင်းရင်းဆေး သမားတော်များ ညီလာခံ စာတမ်းဖတ်ပွဲများကို ဒီဇင်ဘာ ၁၇ ရက် အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

**(သတင်းစဉ်)**



**ပဋ္ဌမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာသော မြန်မာတိုင်းရင်းဆေးသမားတော်များအား တွေ့ရစဉ်။** (သတင်းစဉ်)



**အစွမ်းထက်မြက်သည့် တိုင်းရင်းဆေးဝါးများ ပေါ်ထွက်ရေးအတွက် တိုင်းရင်းဆေး သုတေသနလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန် အဆိုကို မကွေးတိုင်းမှ ညီလာခံကိုယ်စားလှယ် ဦးသိုက်ထွန်းက ထောက်ခံဆွေးနွေးစဉ်။** (သတင်းစဉ်)



**တနင်္သာရီတိုင်းမှ ဦးကျော်နိုင်ဦးက မြန်မာ့တိုင်းရင်းဆေးပညာဖြင့် အဖြစ်များသည့်ရောဂါများကို ကာကွယ်ကုသမှုကို ပေးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန် အဆိုကို တင်သွင်းစဉ်။** (သတင်းစဉ်)

# ဧရာဝတီတိုင်းလေးမျက်နှာမြို့နယ်အသင်း သက်ကြီးပူဇော်ပွဲနှင့်ပညာရည်ချွန်ဆုပေးပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၅**

လေးမျက်နှာမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ်စည်းဝေးပွဲ အသက်၈၀နှင့်အထက် အသင်းဝင်များ၊ သက်ကြီးပူဇော်ပွဲနှင့် အသင်းဝင်များ၏ ၂၀၀၂-၂၀၀၃၊ ၂၀၀၃-၂၀၀၄ပညာသင်နှစ်များတွင် တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးရ သားသမီးများအား ပညာရည်ချွန်ဆုပေးပွဲကို ၂၀၀၅ခုနှစ် ဇန်နဝါရီ ၉ ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် အင်းစိန်မြို့နယ် အောင်ဆန်းမြို့ စဥ္စဠူရပ်ကွက် တောရတပ်ဦးကျောင်းတိုက် (မိုးကုတ်ဝိပဿနာ အဖွဲ့ခွဲ-၇၇)၌ ကျင်းပမည်ဖြစ်သည်။

အသင်းဝင်များ ရန်ကုန်ရောက် လေးမျက်နှာမြို့နယ်သူ မြို့နယ်သားများ တက်ရောက်ကြရန်နှင့် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲတွင် ပါဝင်လှူဒါန်းလိုသူများ၊ ဂုဏ်ထူးရ သားသမီးများအတွက် အမှတ်စာရင်း ထောက်ခံချက်ပေးပို့လိုသူများသည် ဇန်နဝါရီ၄ ရက် နောက်ဆုံးထား၍ ဦးဗထွေး ဖုန်း-၆၉၉၀၀၃၊ ဦးသိန်းအောင်ဇော် ဖုန်း-၂၈၅၃၂၂၊ ဦးမောင်မောင်သွင် ဖုန်း-၅၁၃၄၃၈နှင့် ဒေါ်ညွှန့်ညွှန့်ဦး ဖုန်း-၅၂၆၀၀၆တို့သို့ ဆက်သွယ်လှူဒါန်း စာရင်းပေးနိုင်ကြောင်း သိရသည်။ **(က-ပ)**



**ဒီဇင်ဘာ ၁၅ ရက်က မြန်မာနိုင်ငံ ကုန်သည်များနှင့် ထိုင်းနိုင်ငံ ကုန်သည်များ စီးပွားရေးလုပ်ငန်းရှင်များ တိုက်ရိုက်စီးပွားရေးဆက်သွယ်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ခင်းကျင်းပြသည့် (၁၀)ကြိမ်မြောက် ထိုင်းနိုင်ငံ ကုန်စည်ပြပွဲ (၂၀၀၄) ပြခန်းများတွင် ကုန်သည်ကြီးများနှင့် စီးပွားရေး လုပ်ငန်းရှင်များအားပေးကြည့်ရှုစဉ်။** (က-ပ)

**ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်**



ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ဂျပန်နိုင်ငံ Agriculture, Forestry and Fisheries မှ Senior Vice Minister H.E. Mr. Mineichi Iwanaga အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိ ဗိမာန်ခန်းမ၌ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

**■ ကျော်ဖုံးမှ**

ယင်းသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်သူ၊ ဂျပန်နိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးစောလှမင်း၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်ဦးစိုးတင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်နှင့် နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးသောင်းထွန်းတို့တက်ရောက်ကြပြီး ဧည့်သည်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E. Mr. Nobutake Odano နှင့် သံရုံးအဖွဲ့ဝင်များ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရန်ကုန်မြို့သို့ရောက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၁၅**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် General Logistics Department မှ Deputy Chief ဖြစ်သူ Lieutenant General Sun Zhiqiang ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ပြည်ထောင်စုမြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန်အတွက် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာကြသည်။

ဧည့်သည်တော် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ Lieutenant General Sun Zhiqiang ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးကြီးဉာဏ်ထွန်း၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ခင်မောင်ထွန်း၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်သန်းဌေး၊ ဗိုလ်ချုပ်အေးမြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Li Jinjun၊ စစ်သံမှူး Senior Colonel Ma Shoudong နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**



နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် စစ်ထောက်ချုပ်ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးတရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော် General Logistics Department မှ Deputy Chief ဖြစ်သူ Lieutenant General Sun Zhiqiang ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

# ရခိုင်ကမ်းလွန်ဒေသရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ရေး လုပ်ငန်းများခွဲဝေခံစားရေးစာချုပ်များ လက်မှတ်ရေးထိုးချုပ်ဆို

**ရန်ကုန် ဒီဇင်ဘာ ၁၅**

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ CNOOC Myanmar Limited ၊ စင်ကာပူသမ္မတနိုင်ငံ Golden Aaron Pte.,Ltd.နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Huanqiu Contracting & Engineering Corp. (HQCEC)တို့ပါဝင်သော အဖွဲ့သည် ရခိုင်ကမ်းလွန်ဒေသ လုပ်ကွက်အမှတ် A-4 နှင့် မုတ္တမကမ်းလွန်ဒေသ လုပ်ကွက်အမှတ် M-10 တို့၌ ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်များ(Production Sharing Contracts)ကို ယမန်နေ့ညနေ၆နာရီတွင် ရန်ကုန်မြို့ရှိကုန်သည်ကြီးများ ဟိုတယ်၌ လက်မှတ်ရေးထိုးချုပ်ဆိုကြသည်။

**လက်မှတ်ရေးထိုးပွဲတက်ရောက်**

အဆိုပါ လက်မှတ်ရေးထိုးချုပ်ဆိုပွဲသို့ အမှတ်(၂) စက်မှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် ဥက္ကဋ္ဌ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ဝန်ကြီးဦးသောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Li Jinjun၊ CNOOC Limited ၏ အမှုဆောင်ဒါရိုက်တာ Mr. Zhou Shouwei၊ ဖိတ်ကြားထားသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

**စာချုပ်များလဲလှယ်**

လက်မှတ်ရေးထိုး ချုပ်ဆိုပွဲတွင် စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက အဖွင့်အမှာစကားပြောကြားပြီး CNOOC Limited ၏ အမှုဆောင်ဒါရိုက်တာ Mr. Zhou Shouwei နှင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစန်းလွင်တို့က ကျေးဇူးတင်စကားပြောကြားကြသည်။

ဆက်လက်၍ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးစန်းလွင်နှင့် CNOOC Limited ၏ အမှုဆောင်ဒါရိုက်တာ Mr. Zhou Shouwei၊ China Huanqiu Contracting & Engineering Corp. (HQCEC)၏ ဒုတိယဥက္ကဋ္ဌ Madam Wang Xinge၊ Golden Aaron Pte.,Ltd. ၏ ဒါရိုက်တာ Mr. Chua Chay Jin တို့က စာချုပ်များကို လက်မှတ်ရေးထိုးချုပ်ဆိုကြပြီး စာချုပ်များကို အပြန်အလှန်လဲလှယ်ကြသည်။

ထို့နောက် စွမ်းအင်ဝန်ကြီးဌာန၏ လုပ်ငန်းလုပ်ကိုင်ခွင့် အမိန့်ကြော်ငြာစာကို ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီကလည်းကောင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ကို ဝန်ကြီးဦးသောင်းကလည်းကောင်း၊ CNOOC Limited ၏ အမှုဆောင်ဒါရိုက်တာ Mr. Zhou Shouwei အားပေးအပ်ပြီး လက်မှတ်ရေးထိုးချုပ်ဆိုပွဲကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရွှေပါရမီတရားပွဲ

**ရန်ကုန် ဒီဇင်ဘာ ၁၅**

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် သီရိမင်္ဂလာလမ်း အောင်ချမ်းသာရပ်ကွက်ရှိ ကံမြင့်ကျောင်းတိုက် ဓမ္မာရုံ၌ ဆရာတော် အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ)သည် ဒီဇင်ဘာ၁၈ရက်မှ ဒီဇင်ဘာ ၂၆ ရက်အထိ ကိုးရက်တိုင်တိုင် ညစဉ် ၇နာရီမှစ၍ တရားတော်များ ဟောကြားမည်ဖြစ်ရာ ကြွရောက်နာကြားကြည်ညိုနိုင်ကြောင်း သိရသည်။ **(က-ပ)**

# အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးသို့တက်ရောက်ရန် ဝန်ကြီးဗိုလ်ချုပ်စိန်ထွား ဗန်ကောက်သို့ထွက်ခွာ

**ရန်ကုန် ဒီဇင်ဘာ ၁၅**

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စိန်ထွားသည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ဒီဇင်ဘာ ၁၄ရက်မှ ၁၇ရက်အထိ ကျင်းပမည့် ပဉ္စမအကြိမ်မြောက် အာဆီယံ လူမှုဝန်ထမ်းနှင့်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးသို့တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားအား အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်အောင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်မြင့်၊ အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်း၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့်တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ လိုက်ပါပို့ဆောင်ကြသည်။ **(ဝဲပုံ)**



**ကြိုတင်ထွက်ခွာ**

ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားနှင့်အတူ အဖွဲ့ဝင်အဖြစ် တက်ရောက်ကြသည့် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်နှင့် ဒုတိယ ညွှန်ကြားရေးမှူး ဦးမြင့်သိန်းတို့သည် ပဉ္စမအကြိမ်မြောက် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးသို့တက်ရောက်ရန် ဒီဇင်ဘာ ၁၃ရက်က ကြိုတင်ထွက်ခွာသွားခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မင်္ဂလာဗျူဟာ သွေးလှူဒါန်းပွဲ

**ရန်ကုန် ဒီဇင်ဘာ ၁၅**

ဗဟန်းမြို့နယ် မင်္ဂလာဗျူဟာအသင်းချုပ် ဗုဒ္ဓဘာသာသင်တန်းကျောင်းတွင် (၇၄)ကြိမ်မြောက် သွေးလှူဒါန်းပွဲကို ဒီဇင်ဘာ ၁၉ ရက် (တနင်္လာနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ သွေးလှူရှင်များသည် ဒီဇင်ဘာ ၁၈ ရက် (စနေနေ့)တွင် နံနက်၇နာရီ၌ ကြိုတင်စာရင်း ပေးသွင်းနိုင်၍ သွေးလှူရှင်များအတွက် လှူဒါန်းလိုသူများသည် အသင်းချုပ်သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

● **ရှေ့ဖုံးမှ**

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ တိုင်းအလုပ်အမှုဆောင်များ၊ မန္တလေးတိုင်းအတွင်းရှိ ခရိုင်နှင့်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ မန္တလေးမြို့ပေါ်ရှိ အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ အမရပူရမြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာကော်မတီဝင်များ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဂီတအစည်းအရုံး၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံးတို့မှ အဖွဲ့ဝင်များ၊ မန္တလေးမြို့ရှိ မလွန်ဆန်လှူအသင်း၊ ချမ်းသာကြီးဆန်လှူအသင်းတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကုန်သည်ကြီးများအသင်းနှင့် စက်မှုဇုန်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊သူနာပြုတက္ကသိုလ်မှ ကျောင်းသားကျောင်းသူများနှင့် ထူးချွန်လူငယ်များ တက်ရောက်ကြသည်။

အစီအစဉ်အရ ရှေးဦးစွာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသော ကိုယ်စားလှယ်များနှင့် ထူးချွန်ကျောင်းသားများသည် အမျိုးသားဓာတ်ရုံရှေ့၌ လွှင့်တင်ထားသော ပြည်ထောင်စု မြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

ယင်းနောက် အခမ်းအနား အစီအစဉ်များကို အမျိုးသားဓာတ်ရုံခန်းမ၌ ဆက်လက်ကျင်းပရာ ရှေးဦးစွာ မန္တလေးတိုင်း ချမ်းမြသာစည်မြို့နယ်မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ကျောင်းသား ကျောင်းသူလေးများက **"ရာသက်ပန်ပြည်ထောင်စု"** သီချင်း၊ **"ပြည်မြန်မာ"** သီချင်းတို့ဖြင့် ဂုဏ်ပြုသီဆိုကြသည်။

ယင်းနောက် အစည်းအဝေးကို စတင်ကျင်းပရာ သဘာပတိအဖြစ် မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်မောင်ဦးက ဆောင်ရွက်၍ သဘာပတိ အဖွဲ့ဝင်များအဖြစ် မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များဖြစ်ကြသည့် ဦးမျိုးသန့်နှင့် ဦးမောင်မောင်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အောင်မြေသာစံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် မသင်းသင်းဦးနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် အမရပူရမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် မနှင်းရွှေစင်တို့က ဆောင်ရွက်ကြသည်။

**အစည်းအဝေးစတင်**

ရှေးဦးစွာ အခမ်းအနားမှူးက အခမ်းအနား အစီအစဉ်များကို ဖတ်ကြားတင်ပြပြီး အစည်းအဝေး စတင်ကြောင်း ကြေညာသည်။

ထို့နောက် သဘာပတိ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်မောင်ဦးက အဖွင့်အမှာစကား ပြောကြားရာတွင် ကျင်းပပြီးစီးခဲ့သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၄)တွင် ချမှတ်ပေးခဲ့သည့် ဦးတည်ချက် (၇)ရပ်နှင့်အညီ အသင်းအဆင့်ဆင့်၏ တစ်နှစ်တာကာလ အကောင်အထည်ဖော်ခဲ့ကြသည့် လုပ်ငန်းဆောင်ရွက်ချက်များကို အခြေပြု ဆွေးနွေးခဲ့ကြကြောင်း၊ စုံညီအစည်းအဝေးများနှင့် အစုအဖွဲ့များ၏ နှီးနှောဖလှယ်ပွဲများတွင်လည်း ဒေသအသီးသီးက ကိုယ်စားလှယ်များက ဘက်စုံထောင့်စုံ၊ ကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှ ပါဝင်ဆွေးနွေးပြီး လက်တွေ့နယ်ပယ်တွင် အမှန်တကယ် အကျိုးများစေမည့် ရှေ့လုပ်ငန်းစဉ်(၉)ရပ်ကို အောင်မြင်စွာ ချမှတ်နိုင်ခဲ့ကြောင်း၊ ယင်းအစည်းအဝေးကြီးက ချမှတ်ပေးခဲ့သော ဦးတည်ချက်နှင့် ရှေ့လုပ်ငန်းစဉ်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များသာမက ရည်မှန်းချက်တူသည့် လူမှုရေးအသင်း အဖွဲ့အစည်းများ၊ မြို့မိမြို့ဖ၊ ရပ်မိ ရပ်ဖများ၊ ဒေသခံပြည်သူများနှင့် ဝိုင်းဝန်းအကောင်အထည်ဖော်ကြရမှာဖြစ်ကြောင်း၊ ထို့ကြောင့် မန္တလေးတိုင်းအတွင်း ဦးတည်ချက်အကောင်အထည်ဖော်ရေး လုပ်ငန်းအစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်း ဦးစွာတင်ပြလိုကြောင်း၊ မျက်မှောက်ကာလသည် နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီးအဖြစ် ရောက်အောင် အကောင်အထည်ဖော် ဆောင်ရွက်နေသော ကာလဖြစ်ကြောင်း၊ အနာဂတ်နိုင်ငံတော်ကို ပုံဖော်တည်ဆောက်ရာတွင် မဖြစ်မနေဆောင်ရွက်ရမည့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကိုလည်း ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ကြောင်း။





**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄)၏ ဦးတည်ချက်(၇)ရပ်၊ ရှေ့လုပ်ငန်းစဉ်(၉)ရပ်နှင့် မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက အကောင်အထည်ဖော်ဆောင်ရွက်မည့် ဦးတည်ချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို မန္တလေးမြို့ အမျိုးသားဓာတ်ရုံ၌ကျင်းပရာ တက်ရောက်လာကြသော ကိုယ်စားလှယ်များနှင့် ထူးချွန်ကျောင်းသားများက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြစဉ်။**
(သတင်းစဉ်)




**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄)၏ ဦးတည်ချက်(၇)ရပ်၊ ရှေ့လုပ်ငန်းစဉ်(၉)ရပ်နှင့် မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက အကောင်အထည်ဖော်ဆောင်ရွက်မည့် ဦးတည်ချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် သဘာပတိအဖွဲ့ဝင်များကို တွေ့ရစဉ်။**
(သတင်းစဉ်)

**ပူးပေါင်းလက်တွဲ**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယကကြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် အဓိကအကျဆုံးဖြစ်သည့် အမျိုးသားစည်းလုံးညီညွတ်ရေးရအောင်ကြိုးပမ်းဆောင်ရွက်နိုင်မှုကြောင့် တည်ငြိမ်အေးချမ်းမှုနှင့်

***စာမျက်နှာ ၈ သို့***

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၄)၏ ဦးတည်ချက်(၇)ရပ်၊ ရှေ့လုပ်ငန်းစဉ်(၉)ရပ်နှင့် မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက အကောင်အထည်ဖော် ဆောင်ရွက်မည့် ဦးတည်ချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် သဘာပတိ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်မောင်ဦး အဖွင့် အမှာစကားပြောကြားစဉ်။**
(သတင်းစဉ်)





16-12 (07).p65 1 3/24/05, 5:47 PM

# တက္ကသိုလ်ပေါင်းမြောက်မြားစွာ မန္တလေး၌ရှိနေပြီ မန္တလေးမြို့ကို တက္ကသိုလ်မြို့တော်ဟုပင် ခေါ်ဆိုနိုင်



**မန္တလေးခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေး နှင့် ဖွံ့ ဖြိုး ရေး အ သင်း ကိုယ် စား ခရိုင်အသင်း အတွင်း ရေးမှူး ဦးကိုကိုလေး က တင်ပြချက်များ နှင့် စပ် လျဉ်း ၍ ထောက်ခံ ဆွေးနွေး စဉ်။**
(သတင်းစဉ်)

## တက္ကသိုလ်မြို့တော်

ယင်းနောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၄)၏ ဦးတည်ချက်(၇)ရပ်၊ ရှေ့လုပ်ငန်းစဉ်(၉)ရပ်နှင့် မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ မန္တလေးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကိုယ်စား ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကိုကိုလေးက ထောက်ခံဆွေးနွေးတင်ပြရာတွင် ပညာရေးကိုကြည့်ရင် တက္ကသိုလ်၊ ကောလိပ်ပေါင်းစုံဖြစ်သည့် ဝိဇ္ဇာ၊သိပ္ပံတက္ကသိုလ်၊ သူနာပြုတက္ကသိုလ်၊ တိုင်းရင်းဆေးတက္ကသိုလ်၊စီးပွားရေးတက္ကသိုလ်၊စက်မှုတက္ကသိုလ်၊ဆေးတက္ကသိုလ်၊သစ်တောရေးရာတက္ကသိုလ်၊ တိ/မွေးကုတက္ကသိုလ်၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်၊ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်၊ ဆေးဝါးကျွမ်းကျင်မှုတက္ကသိုလ်၊ ယဉ်ကျေးမှုတက္ကသိုလ်စသည်ဖြင့် တက္ကသိုလ်ပေါင်း မြောက်မြားစွာ ရှိနေပြီဖြစ်ခြင်းကြောင့် မန္တလေးမြို့ကို တက္ကသိုလ်မြို့တော်ဟုပင် ခေါ်ဆိုနိုင်ပါကြောင်း။

ကျန်းမာရေးနှင့် ပတ်သက်၍လည်း ရှေးယခင်က ဆေးဝါးကုသရန်အတွက် ရန်ကုန်ကို သွားရောက်ကုသရကြောင်း၊ ယခုအခါ မန္တလေးတွင် အထူးကုဆေးရုံကြီးများ၊ဆေးခန်းများနှင့် ခေတ်မီစက်ကိရိယာများ ပြည့်စုံနေပြီဖြစ်သည့်အတွက် အညာသူ အညာသားများ ကျန်းမာရေးအတွက် စိတ်ချမ်းသာစွာ ကုသနိုင်ကြပြီဖြစ်ကြောင်း။

## ဖွင့်လှစ်ထားရှိ

မျိုးဆက်သစ် လူငယ်တို့အတွက် သတင်းမီဒီယာ ပညာခေတ်တွင် လေ့လာသင်ယူစရာ (MICT Park) ကို ဖွင့်လှစ်ထားရှိကြောင်း။

လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့စေရေးတွင်လည်း မန္တလေးကို ဗဟိုပြုပြီး အဝေးပြေးလမ်းမကြီးများ ဖောက်လုပ်ထားကြောင်း၊ ရေဝတီမြစ်ကူး ရတနာပုံတံတားကြီးသည် မကြာမီကာလတွင် ပြီးစီးတော့မှာ ဖြစ်ကြောင်းတင်ပြပြီး ထောက်ခံဆွေးနွေးသွားသည်။



**ပြင်ဦးလွင်ခရိုင် ပြည်ထောင်စု ကြံ့ခိုင် ရေး နှင့် ဖွံ့ ဖြိုး ရေး အ သင်း ကိုယ် စား ခရိုင်အသင်း အတွင်း ရေးမှူး ဦးမောင်မောင် လွင်က တင်ပြချက် များနှင့် စပ်လျဉ်း၍ ထောက်ခံဆွေးနွေး စဉ်။**
(သတင်းစဉ်)

ထို့နောက် ပြင်ဦးလွင်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကိုယ်စား ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမောင်မောင်လွင်က ထောက်ခံဆွေးနွေး တင်ပြရာတွင် မိမိတို့ ပြင်ဦးလွင်ခရိုင်ဒေသသည် နိုင်ငံတော်၏ သယံဇာတ၊ နေဥစ္စာကြွယ်ဝစေသော ရတနာများထွက်ရှိပါကြောင်း၊ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြား တည်ရှိနေသည့်အတွက် ဖွံ့ဖြိုးစည်ပင်မှု အထောက်အကူများဖြစ်ကြောင်း။

## သုတေသနလုပ်နိုင်

မြန်မာအစ–တကောင်းကဆိုသည့် ဒဏ္ဍာရီအဖြစ် ပြောဆိုခဲ့ကြသည့် သမိုင်းဆိုင်ရာ အထောက်အထားများလည်း အသေအချာတူးဖော်သုတေသနလုပ်နိုင်နေပြီ ဖြစ်ကြောင်း၊ တကောင်းမှ ဗန်းမော်–မြစ်ကြီးနား အဝေးပြေးလမ်းမကြီး ဖောက်လုပ်ပြီးစီးခဲ့သည့်အတွက် ဧရာဝတီမြစ်အရှေ့ဘက်ကမ်း ဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်း။

ပြင်ဦးလွင်ဒေသ၌ရှိသည့်ကျေးရွာများအနေနှင့် ယခင်က ဧရာဝတီမြစ်ကြောင်းကိုသာ အားကိုးရပြီး ယနေ့ အချိန်အခါတွင် အချိန်တိုအတွင်း သွားလာရေးအဆင်ပြေ ချောမွေ့နေပြီ ဖြစ်ပါကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံတွင် အကြီးမားဆုံး အဆင့်မီ ဆေးဝါးစက်ရုံကြီးမကြာမီ ပေါ်ပေါက်လာတော့မှာဖြစ်ကြောင်း စသည်ဖြင့် ပြောကြားပြီး ထောက်ခံ ဆွေးနွေးသွားသည်။

## ပူးပေါင်းဆောင်ရွက်

ယင်းနောက် ကျောက်ဆည်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကိုယ်စား ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါက်တာရဲဝင်းနိုင်က ထောက်ခံ ဆွေးနွေးတင်ပြရာတွင် မန္တလေးတိုင်း အလုပ်အမှုဆောင်အဖွဲ့က တင်ပြချက်များကို ခြုံပြီး ပြောရမည်ဆိုပါက နိုင်ငံတော်၏ အမျိုးသားရေး ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ပေါ်ထွန်းရေးကို မိမိတို့အသင်းဝင်များက အသိစိတ်ဓာတ်အပြည့်အဝဖြင့် ကျရာကဏ္ဍကနေ အခြား လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး တာဝန်ကျေပွန်အောင် ဆောင်ရွက်ရန်ဖြစ်ကြောင်း မှတ်သားနားလည်သဘောပေါက်မိပါကြောင်း။

ယနေ့နိုင်ငံတော်အဝန်း တည်ငြိမ်အေးချမ်းမှုရှိနေပြီး ဘက်စုံကဏ္ဍစုံတွင် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ ရရှိနေပြီဖြစ်ကြောင်း၊ မိမိတို့ ကျောက်ဆည်ခရိုင်ကို ကြည့်မည်ဆိုပါက တက္ကသိုလ်၊ နည်းပညာကောလိပ်၊ ကွန်ပျူတာကောလိပ်များ ရှိလာ၍ အဆင့်မြင့်ပညာရပ်များကို ဒေသခံလူငယ်များ လွယ်လင့်တကူ



**မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၄)၏ ဦးတည်ချက်(၇)ရပ်၊ ရှေ့လုပ်ငန်းစဉ်(၉)ရပ်နှင့် မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက အကောင်အထည်ဖော် ဆောင်ရွက်မည့် ဦးတည်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် သဘာပတိက အစည်းအဝေးကြီးတွင် တင်ပြသွားသော ဆွေးနွေးတင်ပြချက်များကို ဆုံးဖြတ်အတည်ပြုစဉ်။**
(သတင်းစဉ်)

# ရွှေရွာရေအားလျှပ်စစ်စီမံကိန်းကြီး ပြီးစီးတော့မည် နိုင်ငံအဝန်းလျှပ်စစ်စွမ်းအားများပိုမိုရရှိလာမည်



**ကျောက်ဆည်ခရိုင် ပြည်ထောင်စု ကြံ့ခိုင် ရေး နှင့် ဖွံ့ ဖြိုး ရေး အ သင်း ကိုယ် စား ခရိုင်အသင်း အတွင်း ရေးမှူး ဒေါက်တာ ရဲဝင်းနိုင်က တင်ပြ ချက်များနှင့် စပ် လျဉ်း၍ ထောက်ခံ ဆွေးနွေးစဉ်။**
(သတင်းစဉ်)

ကြောင်း၊ ပြည်တွင်းပြည်ပ အလွယ်တကူသွား လာနိုင်သည့်အဆင့်အထိ အောင်မြင် တိုးတက်လာခြင်းသည် နိုင်ငံတော်အစိုးရ၏ စေတနာနှင့် ဆောင်ရွက်ပေးချက်များပင် ဖြစ်ကြောင်း။

## မကြာမီ ပြီးစီးတော့မည်

ထို့အပြင် ကျောက်ဆည်ဒေသ၌ ရန်ကုန်–မန္တလေး ခြောက်လမ်းသွား လမ်းမကြီးများ၊ ခရိုင်ပတ်လမ်း၊ ရိုးမ ပတ်လမ်းကြီးများ ဖောက်လုပ်ပေးထားသည်ကိုလည်း ဒေသရှိ ပြည်သူများက ကျေနပ်အားရ ဝမ်းမြောက်လျက်ရှိကြကြောင်း၊ ကျောက်ဆည်ပတ်ဝန်းကျင်ဒေသတွင် နိုင်ငံတော်က တည်ဆောက်ပေးနေသည့် ရွှေရွာရေအားလျှပ်စစ်စီမံကိန်းကြီး မကြာမီ ပြီးစီးတော့မည်ဖြစ်၍ နိုင်ငံအဝန်း လျှပ်စစ်စွမ်းအားများ ပိုမိုရရှိလာတော့မှာဖြစ်ကြောင်း။

ခရိုင်သည် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု အနက် တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရသည် မိတ္ထီလာခရိုင် ဒေသဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အထူးအလေးပေး ဆောင်ရွက်ပေးလျက်ရှိကြောင်း။

မိတ္ထီလာခရိုင်၏ ပညာရေးကဏ္ဍ ဖွံ့ဖြိုးရေး၊ တိုးတက်ရေးကို တင်ပြရလျှင် ယခုထိ မိတ္ထီလာမြို့၌ မိတ္ထီလာတက္ကသိုလ်၊ ပညာရေးကောလိပ်၊ စီးပွားရေးတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာကောလိပ်နှင့် လေကြောင်းနှင့် အာကာသတက္ကသိုလ်တို့ကို ဖွင့်လှစ်ထူထောင်ထားပြီးဖြစ်ကြောင်း၊ မြန်မာပြည်အလယ်ပိုင်းဒေသက မျိုးဆက်သစ်လူငယ်များအတွက် အဆင့်မြင့်ပညာသင်ယူရေး အခွင့်အလမ်းများကို လက်တစ်ကမ်းမှာ လက်လှမ်းမီစွာသင်ကြားနိုင်အောင် နိုင်ငံတော်အစိုးရက အမြော်အမြင်ရှိရှိဖြင့် စီစဉ်ဆောင်ရွက်ပေးထားသည်မှာ သိသာထင်ရှားလှကြောင်း။

## ဝမ်းပန်းတသာကြိုဆို

ဆက်လက်၍ တင်ပြလိုသည်မှာ နိုင်ငံတော်က မိတ္ထီလာလွင်ပြင်ကြီး တစ်ခုလုံး စိမ်းလန်းစိုပြည်ရေးစီမံကိန်း အတွက် ရင်းနှီးမြှုပ်နှံအကောင်အထည်ဖော်ဆောင်ရွက်ရန် လေ့လာဆန်းစစ်မှုများ ပြုလုပ်နေသည်ကို နယ်မြေခံပြည်သူလူထုအားလုံးက ဝမ်းပန်းတသာ ကြိုဆိုလျက်ရှိကြောင်း စသည်ဖြင့် ဆွေးနွေးပြောကြားပြီး ထောက်ခံတင်ပြသွားသည်။

# မြန်မာပြည်အလယ်ပိုင်းက မျိုးဆက်သစ်လူငယ်များ အဆင့်မြင့်ပညာသင်ယူရေးအခွင့်အလမ်းများစီစဉ်ပေးထား



**မိတ္ထီလာခရိုင် ပြည်ထောင်စု ကြံ့ခိုင် ရေး နှင့် ဖွံ့ ဖြိုး ရေး အ သင်း ကိုယ် စား ခရိုင်အသင်း တွဲဖက် အတွင်းရေးမှူး ဦးလှ မြင့်က တင်ပြချက် များနှင့် စပ်လျဉ်း၍ ထောက်ခံ ဆွေးနွေး စဉ်။**
(သတင်းစဉ်)

သင်ကြားနိုင်ကြပြီ ဖြစ်ကြောင်း၊ ထို့အပြင် ကျောက်ဆည်မြို့ အနီး၌ နိုင်ငံတော်က ဘိလပ်မြေစက်ရုံများ၊ စက်ဘီးစက်ရုံ စသည့် စက်ရုံမျိုးစုံ တည်ဆောက်ပေးထား၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာသလို ဒေသခံ အညာဒေသပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်ရရှိနေပြီဖြစ်ကြောင်း။

မိမိတို့ ကျောက်ဆည်ခရိုင်၌ အပြည်ပြည်ဆိုင်ရာ လေဆိပ်ကြီးကို ခံ့ညားထည်ဝါစွာ တည်ဆောက်ထားသည့်အတွက် မိမိတို့ ဂုဏ်ယူမဆုံးအောင် ဝမ်းသာပီတိဖြစ်လျက်ရှိကြ

ယခုလည်း ကျောက်ဆည်ခရိုင်အတွင်း ကျေးရွာများ၌ ဇီဝဓာတ်ငွေ့သုံး ကျေးလက်မီးလင်းရေးလုပ်ငန်းများ အောင်မြင်လျက်ရှိကြောင်း ပြောကြားပြီး ထောက်ခံဆွေးနွေးသွားသည်။

## အထူးအလေးပေးဆောင်ရွက်

ဆက်လက်၍ မိတ္ထီလာခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကိုယ်စား ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးလှမြင့်က ထောက်ခံဆွေးနွေးတင်ပြရာတွင် မိမိတို့ မိတ္ထီလာ

## တိုးတက်ဆောင်ရွက်လာနိုင်

ယင်းနောက် မြင်းခြံခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကိုယ်စား ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင် ဦးအောင်ဝင်းကြည်က ထောက်ခံ ဆွေးနွေးတင်ပြရာတွင် မိမိတို့ မြင်းခြံခရိုင်တွင်လည်း ပြည်ထောင်စု အဝန်းရှိ ဒေသများလိုပင် နိုင်ငံတော်အစိုးရလက်ထက်၌ ဖွံ့ဖြိုးမှုများသည် အံ့မခန်းလောက်အောင် တိုးတက်လာခဲ့ကြောင်း၊ ပညာရေးကဏ္ဍတစ်ခုထဲကို ပင်ကြည့်ပါက မိမိတို့ အနှစ်နှစ်အလလက မျှော်မှန်းခဲ့သည့် မြင်းခြံဒီဂရီကောလိပ်ကြီးနှင့် နည်းပညာကောလိပ်များ ဖွင့်လှစ်သင်ကြားနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ထို့အပြင် မြင်းခြံစက်မှုဇုန် ထူထောင်ပေးထား

စာမျက်နှာ ၁၁ ကော်လံ ၁

# အညာသူအညာသားများ ကျန်းမာရေးအတွက် စိတ်ချမ်းသာစွာကုသနိုင်

ပညာရေးကိုကြည့်ရင် တက္ကသိုလ်၊ ကောလိပ်ပေါင်းစုံဖြစ်သည့် ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်၊ သူနာပြုတက္ကသိုလ်၊ တိုင်းရင်းဆေးတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်၊ စက်မှုတက္ကသိုလ်၊ ဆေးတက္ကသိုလ်၊ သစ်တောရေးရာတက္ကသိုလ်၊ တိ/မွေးကုတက္ကသိုလ်၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ဆေးဝါးကျွမ်းကျင်မှုတက္ကသိုလ်၊ ယဉ်ကျေးမှုတက္ကသိုလ်စသည်ဖြင့် တက္ကသိုလ်ပေါင်းမြောက်မြားစွာရှိနေပြီဖြစ်ခြင်းကြောင့် မန္တလေးမြို့ကို တက္ကသိုလ်မြို့တော်ဟုပင် ခေါ်ဆိုနိုင်။

ကျန်းမာရေးနှင့်ပတ်သက်၍လည်း ရှေးယခင်က ဆေးဝါးကုသရန်အတွက် ရန်ကုန်ကို သွားရောက် ကုသရကြောင်း၊ ယခုအခါ မန္တလေးတွင် အထူးကုဆေးရုံကြီးများ၊ ဆေးခန်းများနှင့် ခေတ်မီစက်ကိရိယာများ ပြည့်စုံနေပြီဖြစ်သည့်အတွက် အညာသူ အညာသားများ ကျန်းမာရေးအတွက် စိတ်ချမ်းသာစွာ ကုသနိုင်ကြပြီဖြစ်။

မျိုးဆက်သစ်လူငယ်တို့အတွက် သတင်းမီဒီယာပညာခေတ်တွင် လေ့လာသင်ယူစရာ (MICT Park) ကိုဖွင့်လှစ်ထားရှိ။

လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့စေရေးတွင်လည်း မန္တလေးကို ဗဟိုပြုပြီး အဝေးပြေးလမ်းမကြီးများ ဖောက်လုပ်ထား၊ ရေဝတီမြစ်ကူး ရတနာပုံတံတားကြီးသည် မကြာမီကာလတွင် ပြီးစီးတော့မှာဖြစ်။

# သစ္စာ၊ မေတ္တာအခြေခိုင်မာသည့် ရွှေနိုင်ငံ

**ဦးဇော်**

**ရိုးစင်းစွာ ဆိုပါမည်။**
**မေတ္တာဖြင့် ဆိုပါမည်။**

ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးကို ရန်ကုန်မြို့ သီရိမင်္ဂလာကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူတော်ကြီးတွင် ထည်ဝါခံ့ညားအောင်မြင်စွာ သမိုင်းဝင်ကျင်းပအောင်မြင်ခဲ့ပြီဖြစ်သည်။ ညီလာခံကြီးသို့ နိုင်ငံပေါင်း ၃၈နိုင်ငံမှ ကိုယ်စားလှယ် သံဃာတော်များနှင့် လေ့လာသူ ၆၀၀ခန့်၊ မြန်မာ ရဟန်းသံဃာတော် ၆၀၀ကျော်နှင့် သီလရှင်ဆရာကြီးများ၊ လေ့လာကြည်ညိုသူ ပြည်သူများ အပါအဝင် နေ့စဉ်အင်အား ၂၀၀၀ကျော် တက်ရောက်ခဲ့ကြသည်။

လာအိုနိုင်ငံဝန်ကြီးချုပ်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ်၊ သီရိလင်္ကာနိုင်ငံဝန်ကြီးချုပ်၊ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်တို့အပြင် နီပေါနိုင်ငံမှ ယဉ်ကျေးမှု၊ ခရီးသွားနှင့် လေကြောင်းဝန်ကြီးဌာနဝန်ကြီး အပါအဝင် နိုင်ငံခြားဧည့်သည်တော် ဝန်ကြီးများ၊ သံအမတ်ကြီးများလည်း ဗုဒ္ဓဘာသာခေါင်းဆောင်များနှင့်အတူ ညီလာခံကြီးကို ကြိုးစားပမ်းစား တက်ရောက်ခဲ့ကြသည်။ အထူးသဖြင့် သက်တော် ၉၀ကျော်ပြီဖြစ်သော လာအိုနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံတို့မှ သံဃာရာဇာ ဆရာတော်ကြီးနှစ်ပါးသည် သုံးရက်ကြာကျင်းပခဲ့သည့် ညီလာခံကြီးကို အစမှ အဆုံးအထိ တက်ရောက်ချီးမြှင့်ခဲ့သည်ကို ကြည်ညိုစွာ ဖူးမြော်ရသည်။

ထို့ပြင် တက်ရောက်လာကြသည့် ကိုယ်စားလှယ်များကို နိုင်ငံအလိုက် အကြမ်းဖျင်းလေ့လာကြည့်မိရာ ဩစတြေးလျ၊ ဩစတြီးယား၊ ဘင်္ဂလားဒေ့ရှ်၊ ဘယ်လ်ဂျီယံ၊ ကမ္ဘောဒီးယား၊ ကနေဒါ၊ တရုတ်၊ ချက်၊ အင်္ဂလန်၊ ပြင်သစ်၊ ဂျာမနီ၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ အီရန်၊ အစ္စရေး၊ အီတလီ၊ ဂျမေကာ၊ ဂျပန်၊ တောင်ကိုရီးယား၊ လာအို၊ မလေးရှား၊ မွန်ဂိုလီးယား၊ မက္ကဆီကို၊ နီပေါ၊ နယ်သာလန်၊ ရိုမေးနီးယား၊ ရုရှား၊ စင်ကာပူ၊ သီရိလင်္ကာ၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ထိုင်း၊ အမေရိကန်ပြည်ထောင်စု၊ ဗင်နီဇွဲလား၊ ဗီယက်နမ်စသည်ဖြင့် နိုင်ငံပေါင်းစုံလှသည်။ ထေရဝါဒ၊ မဟာယာန၊ ဝဇိရာယာန စသည်ဖြင့် မခွဲခြားဘဲ သကျမုနိဘုရားရှင်၏ သားတော်များဖြစ်သော ဗုဒ္ဓဘာသာဝင် သူတော်စင်တို့၏ စည်းလုံးညီညွတ်မှုအခြေခံဖြင့် စိတ်ကောင်း၊ စေတနာကောင်း ရှေ့ထား၍ စည်းဝေးတိုင်ပင်ကြခြင်း ဖြစ်သည်။ ကွဲပြားခြားနားသော နိုင်ငံအသီးသီးမှ အစဉ်အလာအမျိုးမျိုး၊ ဂိုဏ်းအမျိုးမျိုးကို ကိုယ်စားပြုလျက် ဗုဒ္ဓဘာသာဝင်များသည် အပြန်အလှန် ချစ်ကြည်ရင်းနှီးမှု၊ ပေါင်းစည်းညီညွတ်မှု၊ သည်းခံခွင့်လွှတ်မှုတို့ကို အရင်းပြု၍ မိမိတို့အားလုံးနှင့် သက်ဆိုင်သည့် သာသနာအကြောင်းအရာများကို ဆွေးနွေးညှိနှိုင်းကြခြင်း ဖြစ်သည်။ ကမ္ဘာကြီးနှင့် ကမ္ဘာ့လူသားတို့အတွက် ငြိမ်းချမ်းသာယာမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို ဖော်ဆောင်ရာ၌ သာသနာရေးအရ အထောက်အကူပြုနိုင်သည့် နည်းလမ်းများကိုပါ ဆွေးနွေးကြခြင်းဖြစ်သည်။ ဂုဏ်သရေကြီးမားပြီး မင်္ဂလာအပေါင်းနှင့် ပြည့်စုံသော သာသနာသမိုင်းဝင် ညီလာခံကြီးဖြစ်သည်။

ဤကဲ့သို့သော ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးကို မြန်မာနိုင်ငံက အစစအရာရာ ထောက်ပံ့လှူဒါန်းပြီး အိမ်ရှင်နိုင်ငံအဖြစ် ထိုက်ထိုက်တန်တန် လက်ခံကျင်းပခွင့်ရသည့်အတွက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအစိုးရနှင့်တကွ မြန်မာနိုင်ငံသားအားလုံး ဝမ်းသာကြည်နူးစွာ ကုသိုလ်ပွားများရသည့်အပြင် ဂုဏ်ယူနှစ်ထောင်းအားရ ဖြစ်ကြရသည်မှာ အမှန်ဖြစ်သည်။

သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော် ဒေါက်တာအရှင်ဉာဏိသရ၏ မိန့်ခွန်း၌ **"ရွှေရောင်စေတီပုထိုးများ၊ ရွှေရောင်လယ်ကွင်းများနှင့် ရွှေရောင်တရားမေ့မှုတို့ကြောင့် မြန်မာနိုင်ငံကို ရွှေနိုင်ငံဟု တင်စားခေါ်ဆိုသည်"**ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ အမှန်တကယ်ပင် မြန်မာနိုင်ငံသည် ရွှေနိုင်ငံပင် ဖြစ်သည်။

> သစ္စာ၊ မေတ္တာနှင့် ကရုဏာစသည့် မြတ်ဗုဒ္ဓ၏ အဆုံးအမအတိုင်း နေထိုင်ကျင့်ကြံကြခြင်းဖြင့် စိတ်နေစိတ်ထားမြင့်မြတ်မှု၊ နူးညံ့ပျော့ပျောင်းမှုနှင့် ကိုယ်ကျင့်သီလစင်ကြယ်မှုတို့ကို တိုးပွားရရှိစေပြီး လူအချင်းချင်း ပေါင်းသင်းဆက်ဆံရာ၌ ပြေပြစ်ချောမောအေးချမ်းလာမှာဖြစ်သည်။ ဤအတွေး၊ ဤအမြင်၊ ဤယုံကြည်မှုတို့ဖြင့် လူသားတို့၏ အလုပ်သုံးပါးစလုံးကို သစ္စာတရားအဖြစ် ချည်နှောင်ထားကြရမှာ ဖြစ်သည်။ ဤသစ္စာ၊ ဤမေတ္တာများသည် ရွှေနိုင်ငံဖြစ်သည့် မြန်မာနိုင်ငံ၏ တန်ဖိုးဖြတ်၍ မရနိုင်သော အရင်းခံရတနာများလည်း ဖြစ်သည်။

လူအချင်းချင်း စီးပွားရေးအရ ဆက်ဆံရာ၌ ရွှေကိုစံပြု၍ တန်ဖိုးထားခဲ့သည်မှာ ကာလရှည်ကြာခဲ့ပြီဖြစ်၍ တန်ဖိုးရှိမှုမှန်သမျှကို ရွှေနှင့်ပင်ဆက်၍ နှိုင်းယှဉ်တင်စားကြသည်။ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာ၌ သက်ဝင်ယုံကြည်သော နိုင်ငံ၊ ဘာသာရေးအရ အစဉ်အလာကြီးမားသော နိုင်ငံဖြစ်သည်။ မိမိ၏ မိသားစုဝင်များကိုသာမက မိမိနှင့်ဆက်စပ်နေသည့် လူများကိုပါ မေတ္တာထားကြသည်။ သတ္တဝါမှန်သမျှကိုလည်း ကြင်နာတတ်ကြသည်။ မိမိ၏စိတ်သန္တာန်၌ အကုသိုလ်ဒုစရိုက်တရားများဖြစ်ပေါ်လာခြင်း မရှိရအောင်၊ မိမိ၏ ပတ်ဝန်းကျင်၌လည်း အကုသိုလ်ဒုစရိုက်တရားများ ဖြစ်ပေါ်လာခြင်းမရှိရအောင် အားထုတ် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိကြသည်။ **ဗုဒ္ဓဘာသာအခြေခံ အစကောင်းပြီး ခိုင်မာသည့်နိုင်ငံဖြစ်၍ ဗုဒ္ဓအလိုတော်ကျအတိုင်း လူအချင်းချင်း ဆက်ဆံနေထိုင်ကြသည်။ လောဘ၊ ဒေါသနှင့် မာန်မာနတို့ကို ပါးသွားအောင်၊ လျော့ကျနေအောင် အစဉ်အမြဲဆုံးမမှုများခံယူလျက် ဒါန၊ သီလ၊ ဘာဝနာတို့ကို ပွားများလျက်ရှိကြသည်။ ဓမ္မဝိနယနှင့်အညီ မှန်ကန်စွာဆိုဆုံးမသည့် ရဟန်းသံဃာတော်ငါးသိန်း သီတင်းသုံးနေထိုင်လျက်ရှိခြင်းသည်လည်း နိုင်ငံတော်၏ ကြီးမြတ်လှသော ဝိသေသဂုဏ်ပင် ဖြစ်သည်။ ရွှေဂုဏ်ကြီးလည်း ဖြစ်သည်။**

နိုင်ငံတော်အစိုးရကလည်း နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံဖြစ်အောင် ဘက်စုံ၊ထောင့်စုံမှ တည်ဆောက်လျက် ရှိသည်။ သာသနာကိုလည်း အမြဲမပြတ် ချီးမြှင့်စောင့်ရှောက်လျက်ရှိသည့်အပြင် စေတီပုထိုးနှင့် ကျောင်းကန်များကို ပြုပြင်တည်ဆောက် ရွှေရောင်လွှမ်းစေသည်။ ဗုဒ္ဓစာပေနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်စောင့်ရှောက်ရင်း ပရိယတ္တိ၊ ပဋိပတ္တိသာသနာတော် ထိန်းသိမ်းပြန့်ပွားရေးကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။ တိပိဋကဓရ ပုဂ္ဂိုလ်ကျော်များ၊ ရဟန်းပညာရှိ၊ လူပညာရှိတို့ကို ပြုစုပျိုးထောင်ပေးလျက်ရှိသည်။ **တစ်နည်းအားဖြင့် ဗုဒ္ဓသာသနာတော်ကို မင်းနှင့်ပြည်သူတို့သည် သံဃာတော်များ၏အားကိုရယူ၍ ဆရာ-ဒကာစိတ်ဓာတ် အရင်းခံဖြင့် ကာကွယ်စောင့်ရှောက်နေသည့် ဘာသာရေးအရ အစဉ်အလာကြီးသည့် ရွှေနိုင်ငံဖြစ်သည်။**

ယနေ့မြန်မာနိုင်ငံ၌ ရှိနေသည့် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာစသည့် **ပိဋကတ်စာပေများသည် မူရင်းစစ်စစ်များသာဖြစ်၍ အရောအနှောမရှိ အစင်ကြယ်ဆုံးဖြစ်သည်ဟု သုတေသီအားလုံးက ယုံကြည်လက်ခံထားကြရာ ဤသည်မှာလည်း ရွှေနိုင်ငံ၏ဂုဏ်အင်္ဂါပင်ဖြစ်သည်ဟု ဆိုရမှာဖြစ်သည်။ ထို့ပြင် ဘုရားစေတီ၊ သာသနိကအဆောက်အအုံ စသည့် ရှေးဟောင်းယဉ်ကျေးမှုများကလည်း လေ့လာ၍ မဆုံးနိုင်အောင် တည်ရှိရာ ယဉ်ကျေးမှုအရပါ ရွှေနိုင်ငံဖြစ်နေပြန်သည်။**

ထေရဝါဒသည် မည်သည့်ဘာသာတရားနှင့် မည်သည့်ဘာသာဝင်များအပေါ်မျှ ငြူစူဝန်တိုနှိပ်စက်သော ဝါဒမျိုးမဟုတ်ဘဲ လူအပေါင်းအစီးအပွားဖြစ်ထွန်းရေးနှင့် လူအပေါင်းချမ်းသာသုခ ဖြစ်ထွန်းရေးအတွက်သာဖြစ်သည်။ မကောင်းမှုကို ရှောင်ကြဉ်ခြင်းနှင့် ကောင်းမှုကိုပြုခြင်းသည် လူ့ဘဝဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ခြင်းဟုလည်း လောကီရေးရာ အမြင်ရှိသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ညီလာခံကြီးသို့ ပေးပို့ခဲ့သော ဂုဏ်ပြုသဝဏ်လွှာ၌-

> **"မြတ်ဗုဒ္ဓ၏ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ တည်းဟူသော ဗြဟ္မစိုရ်တရားလေးပါးသည် လူသားအားလုံးအတွက် ငြိမ်းချမ်းမှုနှင့် သဟဇာတဖြစ်ရေးတို့ကို ပေးစွမ်းနိုင်သည့် အကောင်းဆုံးသော လမ်းညွှန်ချက်များဖြစ်ပါသည်။" "ဤလမ်းညွှန်ချက်များသည် ဗုဒ္ဓဘာသာများအတွက် သာမက လူမျိုးဘာသာမခွဲခြားဘဲ လူသားအားလုံးအတွက် ရည်ညွှန်းသည့် တရားများဖြစ်ပါသည်။ ဤတရားများသည် လူသားများအား ဆင်းရဲဒုက္ခအပေါင်းမှ ကယ်တင်နိုင်သည့် လူသားအားလုံးပျော်ရွှင်စွာ နေထိုင်နိုင်မည့် အေးချမ်းသာယာသော ကမ္ဘာလောကကြီးကို တည်ဆောက်နိုင်စေမည် ဖြစ်ပါသည်"**

ဟု ဖော်ညွှန်းထားသည်။

မြတ်ဗုဒ္ဓ၏ အဆုံးအမများသည် လူသားများ၏ ပူလောင်စွာခံစားနေရသည့် စိတ်ပိုင်းဆိုင်ရာ ဒုက္ခဝေဒနာများကို ကုစားနိုင်သည့်အပြင် ကမ္ဘာပေါ်၌ ကာယကံ၊ ဝစီကံများဖြင့် ယှဉ်တွဲ၍ ဖြစ်ပေါ်နေသော အနိုင်ကျင့်မှုများ၊ စစ်ပွဲများ၊ ဆင်းရဲချမ်းသာ ကွာဟမှုများ၊ ကြီးနိုင်ငယ်ညှဉ်းမှုများကိုလည်း လျော့နည်းပပျောက်စေမည် ဖြစ်သည်။ လူ့လောကအတွက် ငြိမ်းချမ်းမှုနှင့် သဟဇာတဖြစ်ရေးတို့ကို ပေးစွမ်းနိုင်သည်။

**သစ္စာ၊မေတ္တာနှင့်ကရုဏာစသည့် မြတ်ဗုဒ္ဓ၏အဆုံးအမအတိုင်း နေထိုင်ကျင့်ကြံကြခြင်းဖြင့် စိတ်နေစိတ်ထားမြင့်မြတ်မှု၊ နူးညံ့ပျော့ပျောင်းမှုနှင့် ကိုယ်ကျင့်သီလ စင်ကြယ်မှုတို့ကို တိုးပွားရရှိစေပြီး လူအချင်းချင်းပေါင်းသင်းဆက်ဆံရာ၌ ပြေပြစ်ချောမော အေးချမ်းလာမှာ ဖြစ်သည်။ ဤအတွေး၊ဤအမြင်၊ ဤယုံကြည်မှုတို့ဖြင့် လူသားတို့၏အလုပ်သုံးပါးစလုံးကို သစ္စာတရားအဖြစ် ချည်နှောင်ထားကြရမှာဖြစ်သည်။ ဤသစ္စာ၊ ဤမေတ္တာများသည် ရွှေနိုင်ငံဖြစ်သည့် မြန်မာနိုင်ငံ၏ တန်ဖိုးဖြတ်၍ မရနိုင်သော အရင်းခံရတနာများလည်း ဖြစ်သည်။**

ဤအရင်းခံရတနာများသည် မြန်မာနိုင်ငံရှိ ရဟန်းသံဃာတော်များအပြင် မင်းအစိုးရနှင့် ဝန်ထမ်းများ၊ ဒါယကာ၊ ဒါယိကာမများနှင့် ပြည်သူများ၏ ရင်ဝယ်၌ အမြဲကိန်းအောင်းနေအောင်၊ အခြေခိုင်နေအောင် ရှေးအစဉ်အဆက် ဘိုးဘေးများအားလုံးက အဆင့်ဆင့် အမွေပေးခဲ့ခြင်းဖြစ်သည်။ အခြားနိုင်ငံများနှင့်မတူဘဲ မေတ္တာ၊ ကရုဏာ၊ မုဒိတာ တရားများရှိပြီး ဖြစ်သဖြင့် တုန်လှုပ်ချောက်ချားဖွယ်ရာ ပဋိပက္ခများ၊ အနိုင်အထက်ပြုကျင့်မှုများ၊ အကြမ်းဖက်မှုများ၊ အတ္တလွန်ကဲမှုများ စသည့် အကုသိုလ်တရားဆိုးများသည် ပြင်းထန်လာရန် ရေခံ၊မြေခံအခြေခံမရှိဟု ဆိုနိုင်သည်။ ရေခံ၊မြေခံ အခြေခံကောင်းခိုင်မာသည်နှင့်အမျှ နိုင်ငံတော်သည် တည်ငြိမ်အေးချမ်းမှု၊ စည်းလုံးညီညွတ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှု ဆီသို့သာ တစ်ဆင့်ပြီးတစ်ဆင့် တက်လှမ်းနေမည်ဖြစ်သည်။ ယင်းမွန်မြတ်လှသော အမွေခံကောင်းများကိုလည်း ကမ္ဘာသို့ပါ ဖြန့်ဝေပွားများနိုင်အောင် ကြိုးစားအားထုတ်ကြရမည် ဖြစ်ပါသည်။ ကမ္ဘာကြီး၌ သူတော်ကောင်းတရားများ ထွန်းကားပြီး ငြိမ်းချမ်းသာယာစေရန် စောင့်ရှောက်ကြရမည် ဖြစ်သည်။

ထို့ကြောင့် ရိုးစင်းစွာမေတ္တာဖြင့် ထပ်မံဆိုရပါမည်။ သစ္စာ၊ မေတ္တာ အခြေခိုင်မာသည့် ရွှေနိုင်ငံ၌ ကျင်းပခဲ့သော ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးသည် ငြိမ်းချမ်းသော ကမ္ဘာကြီးဖြစ်ပေါ်ရေးနှင့် ဗုဒ္ဓဘုရားရှင်၏ တရားစစ်တရားမှန်များ ထွန်းကားပြန့်ပွားရေးတို့ကို အရှိန်အဟုန်ဖြင့် ဆက်လက် သယ်ပိုးဆောင်ကြဉ်းသွားမည်မှာ ဧကန်ပင် ဖြစ်ပါသတည်း။ ။



ဒီဇင်ဘာ ၁၄ရက်က ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံနှင့်ဇနီး ဒေါ်အေးပြည့်ဝေခင် ဒဂုံအရှေ့ပိုင်း (၇)ရပ်ကွက် ဖျာပုံလမ်း တက္ကသီလာ ဧယျသိဒ္ဓိပဋ္ဌာန်းကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တကောဝိဒ(စူဠဂန္ထဝါစကပဏ္ဍိတ)ထံ ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (စီးပွား/ကူးသန်း)

## ရောက်ခဲ့မှန်စွာ ပဥ္စမရွှေညီလာ

* "ကတိသစ္စာ တည်သောခါ
ဩဇာလေးနက် ပေါ်ဆီတက်
နှယ်မြက်သစ်ပင် ဆေးဖက်ဝင်"
စဉ်လာဆိုမြဲ နားဝယ်စွဲ
စွဲတယ်လေ့ စွဲတယ်လေ့...

* လက်တွဲတူပျော် တစ်ရာကျော်
မြဲနော်နေကြား တိုင်းရင်းသား
စကားခိုင်ကျည် ကတိတည်
ရည်သန်မှန်းချက် ဆေးစွမ်းထက်
ထက်တယ်လေ့ ထက်တယ်လေ့...

* သွက်လက်စုံညီ နှစ်ထောင်ချီ
မြန်ပြည်အကျိုး စဉ်သယ်ပိုး
တိုးတက်ခေတ်မီ တက်လှမ်းပြီ
ညီလာခံကြ ပဥ္စမ
ရခဲ့ပေ့ ရောက်ခဲ့ပေ့။ ။

(ပဥ္စမအကြိမ် မြန်မာ့တိုင်းရင်းဆေး သမားတော်များ ညီလာခံကို ဂုဏ်ပြုလျက်)

ဒေါက်တာသန်းဦး




ကွယ်လွန်သူ နှစ်ဖက်မိဘများနှင့် ခင်ပွန်း ဦးကျော်တင့်တို့အား ရည်စူး၍ အမှတ် ၁၀၇၊ မင်းလမ်း၊ ပြွန်တန်ဆာမြို့ ပဲခူးတိုင်းနေ ဒေါ်နန်းစိုးထွေးက ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရငွေပဒေသာပင် အလှူငွေကျပ် နှစ်သိန်း လှူဒါန်းရာ ဆေးရုံဒုတိယအုပ်ချုပ်ရေးမှူး ဦးသန်းအောင်က လက်ခံယူစဉ်။ (က-ပ)

"မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးကုန်စည်ပြပွဲ-၂၀၀၄"

ကျင်းပမည့်နေ့ရက် - ၁၈-၁၂-၂၀၀၄ မှ ၂၂-၁၂-၂၀၀၄

ကျင်းပမည့်နေရာ - ရှမ်းပြည်နယ်(မြောက်ပိုင်း)
မူဆယ်မြို့ (မန်ဝိန်းကုန်ချကွင်း)



**မြင်းခြံခရိုင် ပြည် ထောင် စု ကြံ့ ခိုင် ရေး နှင့် ဖွံ့ဖြိုးရေးအသင်း ကိုယ်စား ခရိုင် အသင်း အလုပ် အ မှု ဆောင် ဦးအောင်ဝင်း ကြည်က တင်ပြ ချက်များနှင့် စပ် လျဉ်း၍ထောက်ခံ ဆွေးနွေးစဉ်။** (သတင်းစဉ်)

*စာမျက်နှာ ၉ မှ*

သဖြင့် စက်မှုလုပ်ငန်းရှင်များအတွက် ရော၊ ဒေသခံပြည်သူများအတွက်ပါ များစွာ အကျိုးကျေးဇူးဖြစ်ထွန်းလာနေ ပြီဖြစ်ကြောင်း၊ စက်မှုဇုန်က ပြည်တွင်း ထွက်စက်ယန္တရားများ ထုတ်လုပ်နိုင် သည်အထိ တိုးတက်ဆောင်ရွက်လာ နိုင်ပြီဖြစ်၍ ကျေနပ်အားရဖွယ်ဖြစ် ကြောင်း။

စိုက်ပျိုးရေးအတွက် အခက်အခဲ ကြုံတွေ့ခဲ့ရသည့် မိုးခေါင်ရေရှားဒေသ ဖြစ်သော မိမိတို့မြင်းခြံခရိုင်အတွင်း၌ နိုင်ငံတော်အစိုးရက အမြော်အမြင် ကြီးမားစွာဖြင့် တောင်သာ၊ ဝဲလောင်၊ သမက္ကူ၊ ကျောက်တလုံး၊ တောင်ရေ၊ ကျောက်တံခါးစသည့် ဆည်မြောင်း တာတမံကြီးများ၊ မြစ်ရေတင်စီမံ ကိန်းကြီးများ တည်ဆောက်ပေးခဲ့၍ ဒေသရှိပြည်သူလူထုအတွက် များစွာ အကျိုးစီးပွား ဖြစ်ထွန်းနေပြီဖြစ် ကြောင်း၊ ထို့ကြောင့် မိမိတို့ မြင်းခြံ ခရိုင်အတွင်းမှာ နေထိုင်ကြသည့် ပြည်သူလူထုတစ်ရပ်လုံးက နိုင်ငံတော် အစိုးရကို အထူးကျေးဇူးတင်ရှိပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်လျက်ရှိကြ ကြောင်းတင်ပြရင်း ထောက်ခံဆွေးနွေး တင်ပြသွားသည်။





**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုး ရေးအသင်း နှစ်ပတ်လည်သင်းလုံး ကျွတ် အစည်းအဝေး (၂၀၀၄) ၏ ဦးတည်ချက်(၇)ရပ်၊ ရှေ့လုပ်ငန်း စဉ်(၉)ရပ်နှင့် မန္တလေးတိုင်း ပြည် ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းက အကောင်အထည်ဖော် ဆောင်ရွက်မည့် ဦးတည်ချက်များ၊ အကောင်အထည်ဖော် ဆောင်ရွက် ရေး လုပ်ငန်းညွှန်ကြားချက်များ အစည်းအဝေးကို ကြွေးကြော်သံများဖြင့် ရုပ်သိမ်းစဉ်။** (သတင်းစဉ်)



**ရမည်းသင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုး ရေးအသင်းကိုယ်စား ခရိုင်အသင်းအလုပ်အမှုဆောင် ဦးလှသန်းက တင်ပြချက်များနှင့် စပ်လျဉ်း၍ ထောက်ခံ ဆွေးနွေးစဉ်။** (သတင်းစဉ်)



**ညောင်ဦးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းကိုယ်စား ခရိုင်အသင်း အလုပ်အမှုဆောင် ဦးညွှန့်ဝင်းက တင်ပြချက်များနှင့်စပ်လျဉ်း၍ ထောက်ခံ ဆွေးနွေးစဉ်။** (သတင်းစဉ်)

## အကျိုးဖြစ်ထွန်း

ယင်းနောက် ရမည်းသင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းကိုယ်စား ခရိုင်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ် အမှုဆောင် ဦးလှသန်းက ထောက်ခံ ဆွေးနွေးတင်ပြရာတွင် အလျဉ်းသင့် ၍ တင်ပြရလျှင် မိမိတို့ရမည်းသင်း ခရိုင်၊ ပျဉ်းမနားမြို့နယ် ပေါင်းလောင်း ရေအားလျှပ်စစ် စက်ရုံကြီးသည် ခေတ်အမီဆုံးနည်းပညာများဖြင့် တည် ဆောက်ထားကြောင်း၊ ရေအားလျှပ်စစ် စက်ရုံကထွက်ရှိသော လျှပ်စစ်စွမ်းအား များကို နိုင်ငံအဝန်း ဖြန့်ဝေပေးနေပြီ ဖြစ်၍ အကျိုးဖြစ်ထွန်းနေပြီဖြစ် ကြောင်း။

ရမည်းသင်းခရိုင်တွင်လည်း အမှတ် (၁)စက်မှုဝန်ကြီးဌာန၏ ဆပ်ပြာ စက်ရုံ၊ အထည်နှင့် ဆေးဆိုးပန်းရိုက် စက်ရုံများတည်ဆောက်ခဲ့သည့်အတွက် ဒေသခံများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိနေပြီဖြစ် ကြောင်း။

ရမည်းသင်းခရိုင်၌ရှိသည့် သကြား စက်ကြီးများသည် ကုန်ထုတ်စွမ်းအား မြင့်မားပြီး နိုင်ငံတော် စီးပွားရေး တိုးပွားစေခဲ့ကြောင်း။

## တိုးတက်ပြောင်းလဲ

ရမည်းသင်းခရိုင်အတွင်းမှာရှိသော ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်း စဉ်များ အောင်မြင်လာသည့်အတွက် ကျေးလက်နှင့် မြို့ပြ ကွာဟမှုနည်း ပါးပြီး လမ်းတံတား၊ ကျောင်း၊ ဆေး ရုံ၊ ဆေးခန်း၊ စက်ရေတွင်း စသဖြင့် တိုးတက်ပြောင်းလဲနေကြပြီဖြစ်ကြောင်း တင်ပြရင်း ထောက်ခံဆွေးနွေးတင်ပြ သွားသည်။

## ပထမမြန်မာနိုင်ငံတော်ကြီး

ဆက်လက်၍ ညောင်ဦးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းကိုယ်စား ခရိုင်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ် အမှုဆောင် ဦးညွှန့်ဝင်းက ထောက်ခံ ဆွေးနွေးတင်ပြရာတွင် မိမိတို့ ညောင်ဦး ခရိုင်သည် ပထမမြန်မာနိုင်ငံတော် ကြီးကို စည်းလုံးညီညွတ်စွာ ပြည်သူ များ၏ စွမ်းအားနှင့် တည်ဆောက်ခဲ့ သည့်နေရာဖြစ်ကြောင်း။

ယနေ့ခေတ်တွင်လည်း နိုင်ငံ တော် အစိုး၏ နိုင်ငံတော်ခေတ်မီဖွံ့ဖြိုး တိုးတက်ရေးကို ဦးဆောင်တည် ဆောက်နေရာတွင် ညောင်ဦးခရိုင် အတွင်းရှိ ပြည်သူလူထုနှင့်အတူ မိမိ တို့ အသင်းဝင်များသည် အစဉ်တစိုက် မပျက်မကွက် ပါဝင်ပူးပေါင်း ဆောင် ရွက်လျက်ရှိကြောင်း။

မိမိတို့ **ညောင်ဦးခရိုင်တွင် (၂၁) ရာစုအကြို လူထုအစည်းအဝေးကြီး ကျင်းပခဲ့ပြီး နိုင်ငံတော်နှင့်ပြည်သူလူထု အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရန် ခိုင်မာသည့် သံန္နိဋ္ဌာန်များ ချမှတ်ခဲ့ ပြီး ဖြစ်ကြောင်း၊ ထို့အပြင် နိုင်ငံ တော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇) ရပ်အောင်မြင်ရေး၊ လူထုအစည်း အဝေးကြီးကိုလည်း တစ်နိုင်ငံလုံးက ကိုယ်စားလှယ်များလာရောက် စဝေး ကျင်းပခဲ့သည့် နေရာဒေသလည်းဖြစ် ကြောင်း၊သဘာပတိကြီးနှင့် တိုင်းအလုပ် အမှုဆောင်များကလည်း ထည့်သွင်း ပြောကြားသွားခဲ့ပြီးဖြစ်ကြောင်း။**

## ယဉ်ကျေးမှုဇုန်

မိမိတို့ **ညောင်ဦးခရိုင်သည် နိုင်ငံ တော်က မြန်မာနိုင်ငံ၏ ယဉ်ကျေးမှု ဇုန်အဖြစ် သတ်မှတ်ပြီး ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေအနေနှင့် ရှေး ဟောင်း အမွေအနှစ်များကို မပျောက် ပျက် ရအောင် ပူးပေါင်းထိန်းသိမ်း စောင့် ရှောက်လျက်ရှိကြောင်း ဂုဏ်ယူ ဝင့်ကြွားစွာ တင်ပြလိုကြောင်း။**

ယနေ့ နိုင်ငံတော် အစိုးရ လက်ထက်တွင် ညောင်ဦးခရိုင်၌ စိုက်ပျိုးရေရရှိရေးအတွက် မြစ်ရေတင် စီမံကိန်းကြီးများ၊ သောက်သုံးရေ ရရှိ ရေးအတွက် စက်ရေတွင်းများအမြောက် အမြား ပြုလုပ်ပေးထားသည်မှာ အထင် ကရပင်ဖြစ်ကြောင်း၊ ပြည်သူ့ကျန်းမာ ရေးအတွက် ညောင်ဦးခရိုင်ဆေးရုံကြီး ကို နိုင်ငံတကာအဆင့်မီ ဆေးကုသ ရေး ကိရိယာများတပ်ဆင်ထားသည့် အတွက် ဒေသခံပြည်သူများအနေနှင့် ဝမ်းသာမဆုံးရှိကြပါကြောင်း။

## ခုံညားထည်ဝါ

နိုင်ငံတော် အစိုးရအနေနှင့် ညောင်ဦးခရိုင်ကို ပညာရေးဝန်းကျင် ကောင်းများ ဖန်တီးပေးထားကြောင်း၊ အကြောင်းမှာ မိမိတို့ဒေသက အဆင့် မြင့်ပညာသင်ကြားမည့် လူငယ်လူရွယ် များသည် ပခုက္ကူ၊ မိတ္ထီလာ၊ မြင်းခြံ၊ မကွေးမြို့တို့၌ ရှိနေပြီဖြစ်သည့် တက္ကသိုလ်၊ကောလိပ်များတွင် အလွယ် တကူ သွားလာသင်ယူနိုင်ကြပြီးဖြစ် ကြောင်း၊ ထို့အပြင် ပုဂံယွန်း ပညာ ကောလိပ်ကြီးလည်း ခုံညားထည်ဝါ စွာ ပေါ်ပေါက်နေပြီဖြစ်ကြောင်း။

မိမိတို့တင်ပြခဲ့သည့် တိုးတက်မှု များသည် မည်သည့်ခေတ်၊ မည်သည့် ကာလကမှ မလုပ်ပေးနိုင်ခဲ့သည့် အချက်များကို ယနေ့ နိုင်ငံတော်အစိုးရ လက်ထက်ရောက်မှ ဖြစ်ပေါ်လာ သည့် အကျိုးကျေးဇူးများဖြစ်ကြောင်း တင်ပြလျက် ထောက်ခံဆွေးနွေးသွား သည်။

## ဂုဏ်ပြုဆုများချီးမြှင့်

ယင်းနောက် တိုင်းပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက် အတွင်းရေးမှူး ဦးစိန်မြင့်က ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ မြန်မာ တစ်နိုင်ငံလုံး၌ အဆင့်(၁)မှ (၁၀) အတွင်းရရှိကြသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများကို တစ်ဦးချင်း ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မန္တလေးတိုင်း အမျိုး သမီးရေးရာကော်မတီ ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဆွေဝင်းက မန္တလေး တိုင်းမှ ထူးချွန်ဆုရရှိသော အား ကစားသမားများအား တစ်ဦးချင်း ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကြီးကြပ်ရေးအဖွဲ့တွဲဖက်အတွင်းရေးမှူး ဒေါက်တာဒေါ်ခင်မေသစ်က မြန်မာ့ ရိုးရာယဉ်ကျေးမှုအဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ၌ ရွှေတံဆိပ်ဆုရရှိကြသူ များအား ဂုဏ်ပြုဆုငွေများ ပေးအပ် ချီးမြှင့်သည်။



**မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက် အတွင်းရေးမှူး ဦးစိန်မြင့်က မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ လှူဒါန်းသော တိုင်းအတွင်းခရိုင်အသီးသီးရှိ အခြေခံ ပညာကျောင်းများပြုပြင်ရန် ပညာရေးရန်ပုံငွေ ကျပ်သိန်း၁၂၀ကို ကိုယ်စား လှယ်တစ်ဦးအား ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

## ပညာရေးရန်ပုံငွေလှူဒါန်း

ယင်းနောက် မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း တွဲဖက်အတွင်းရေးမှူးဦးစိန်မြင့် ကမန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင် ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက တိုင်း အတွင်း ခရိုင်အသီးသီးရှိ အခြေခံ ပညာကျောင်းများ ပြုပြင်ရန်အတွက် ပညာရေးရန်ပုံငွေ ကျပ်သိန်း၁၂၀ကို ပေးအပ်လှူဒါန်းရာ ခရိုင် ခုနစ်ခရိုင် ကိုယ်စား ကိုယ်စားလှယ်တစ်ဦးက လက်ခံယူသည်။

## ဆုံးဖြတ်အတည်ပြု

ယင်းနောက် သဘာပတိက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၄)၏ ဦးတည် ချက်(၇)ရပ်၊ ရှေ့လုပ်ငန်းစဉ်(၉)ရပ် နှင့် မန္တလေးတိုင်းအတွင်း ဆောင်ရွက် ရန်လျာထားသည့် လက်တွေ့လုပ်ငန်း များကို မန္တလေးတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအနေ ဖြင့်ဆက်လက်၍ အကောင်အထည် ဖော်ဆောင်ရွက်ကြရန် ဆုံးဖြတ် အတည်ပြုကြသည်။

**(သတင်းစဉ်)**

16-12 (11).p65 1 3/24/05, 5:47 PM

# ကျောက်ဖြူ–မအီလမ်းအပိုင်းရှိ တံတားတည်ဆောက်ရေးလုပ်ငန်းများ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း စစ်ဆေး၊ သတ်မှတ်ကာလ ပြီးစီးရေးမှာကြား

ရန်ကုန် ဒီဇင်ဘာ ၁၅

**ရခိုင်ပြည်နယ် ရမ်းဗြဲမြို့တွင် ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်မင်းအောင်လှိုင်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဒီဇင်ဘာ ၁၁ရက် နံနက်ရနာရီက ရမ်းဗြဲမြို့ရှိ ပုဏ္ဏားတောင်ကျောင်းတိုက်သို့ သွားရောက်ကြပြီး မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တနန္ဒောဘာသနှင့် ဆရာတော်သံဃာတော်များအား ဖူးမြော်ကြည်ညိုကြပြီး ငါးပါးသီလ ခံယူဆောက်တည်ကြကာ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့်အဖွဲ့ဝင်များသည် ရမ်းဗြဲမြို့မှတစ်ဆင့် ကျောက်ဖြူ–မအီကားလမ်းအတိုင်းမော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြပြီး ကျောက်ဖြူမြို့နယ် စနဲကျေးရွာ တိုက်နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ဆေးရုံနှင့်ပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်ရေးနှင့် ဆေးဝါးပြည့်စုံမှုရှိစေရန် ဆောင်ရွက်ရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။

## မင်းကြောင်းချောင်းတံတား

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့်အဖွဲ့ဝင်များသည် ရမ်းဗြဲမြို့နယ်ရှိ မင်းကြောင်းချောင်းတံတားတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြရာအင်ဂျင်နီယာမှူးဦးတင်စိုးက တံတားအပေါ်ထည်လုပ်ငန်းနှင့်ချဉ်းကပ်လမ်းမြေဖို့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ရှင်းလင်းပြသသည်။**(ယာပုံ)**

ထို့နောက် ရှင်းလင်းဆောင်၌ အင်ဂျင်နီယာမှူး ဦးတင်စိုးက ပင်မတံတားတည်ဆောက်နေမှုလုပ်ငန်း အခြေအနေများနှင့် လုပ်ငန်းသုံးပစ္စည်းရရှိမှုနှင့် လိုအပ်မှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက တံတားကို သတ်မှတ်ကာလ အချိန်မီပြီးစီးရေး၊ စံချိန်စံညွှန်းပြည့်မီရေးနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းအောင် ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

မင်းကြောင်းချောင်းတံတားမှာ အရှည် ၂၇၀၄ ဒသမ ၂ ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်တစ်ချက် သုံးပေစီ၊ ရေလမ်းကင်းလွတ်နယ်အကျယ် ၁၇၁ ပေနှင့် အမြင့် ၃၈ ပေ၊ တံတားအမျိုးအစား အပေါ်ထည်သံပေါင်နှင့် သံကူကွန်ကရစ်၊ အောက်ထည် သံကူကွန်ကရစ်ဖြစ်ပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုတန်ချိန်မှာ တန်၆၀ဖြစ်ကြောင်းနှင့် သတ်မှတ်ချိန် ပြီးစီးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

## ဝမ်ဖိုက်တံတား

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့ဝင်များသည် ဝမ်ဖိုက်တံတားတည်ဆောက်မည့် နေရာအနီးရှိ မအီ–ကျောက်ဖြူလမ်း စီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသန်းညွန့်က ဝမ်ဖိုက်ချောင်း ရေပေါ်တံတားတည်ဆောက်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားသည်။

## သဇင်တန်ပေါက်တံတား

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့ဝင်များသည် သဇင်တန်ပေါက်တံတား တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ အင်ဂျင်နီယာမှူး ဦးမြင့်ဦးက တံတားရေလယ်တိုင် တည်ဆောက်ပြီးစီးမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းဆိုင်ရာများ၊ တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ ရရှိမှုနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြပြီး ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်ထွတ်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

သဇင်တန်ပေါက်တံတားမှာ အရှည် ၅၈၂ပေ လေးလက်မ၊ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်တစ်ချက် သုံးပေစီ၊ ရေလမ်းကင်းလွတ်နယ် အကျယ်ပေ ၁၀၀၊ အမြင့်ခြောက်ပေ၊ တံတားအမျိုးအစား အပေါ်ထည် သံမဏိသံပေါင်၊ အောက်ထည် သံကူကွန်ကရစ် ဘိုးပိုင်အုတ်မြစ်ဖြစ်ပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုတန်ချိန်မှာ တန် ၆၀ ဖြစ်ကြောင်းနှင့် သတ်မှတ်ချိန်အမီ ပြီးစီးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

## သံသမချောတံတား

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့ဝင်များသည် သံသမချောတံတားတည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိကြရာ အင်ဂျင်နီယာမှူးဦးမြင့်လွင်က တံတားအုတ်မြစ်လုပ်ငန်း၊ ကမ်းကပ်ခုံ အမှတ်(၁)နှင့်(၂)၊ ရေလယ်တိုင်အမှတ်(၁) တည်ဆောက်ပြီးစီးမှု တည်ဆောက်ဆဲ ရေလယ်တိုင်များနှင့် ကွန်ကရစ်ရက်မ သွန်းလောင်းနေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။





သံသမချောတံတားမှာ အရှည်၇၀၇ပေ သုံးလက်မ၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းအကျယ်တစ်ဖက်တစ်ချက် သုံးပေစီ၊ ရေလမ်းကင်းလွတ်နယ် အကျယ် ပေ၁၀၀၊ အမြင့် ခြောက်ပေ၊ တံတားအမျိုးအစား အပေါ်ထည်မှာ သံပေါင်သံကူကွန်ကရစ် အောက်ထည်မှာ သံကူကွန်ကရစ်ဖြစ်ပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုတန်ချိန်မှာ တန် ၆၀ ဖြစ်ပြီး သတ်မှတ်ချိန်အမီ ဖွင့်လှစ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့်တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်တို့သည် မအီမြို့ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံကြသည်။

တွေ့ဆုံပွဲတွင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက နိုင်ငံတော်အနေဖြင့် မအီမြို့ကို အဘက်ဘက်မှတိုးတက်လာစေရန် လိုအပ်သည်များဆောင်ရွက်ပေးထားပြီးဖြစ်ရာ ယခုမအီမြို့၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေကို ကြည့်ရှုရန်နှင့် လိုအပ်သည်များ ဖြည့်ဆည်းညှိနှိုင်းဆောင်ရွက်ပေးရန် မိမိ လာရောက်ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်က အမ်း–မအီ–တောင်ကုတ်လမ်းကို လည်းကောင်း၊ မအီ–ကျောက်ဖြူလမ်းကိုလည်းကောင်း ဖောက်လုပ်လျက်ရှိရာ အမ်း–မအီ–တောင်ကုတ်လမ်းမှာ အမာခံလမ်းအဖြစ်ပြီးစီးနေပြီး ခရီးသည်တင် ယာဉ်ငယ်များဖြင့် သံတွဲမှအမ်းသို့ ပြေးဆွဲနေပြီဖြစ်ကြောင်း၊ ထို့အပြင် ကျောက်ဖြူ–မအီလမ်း ဖောက်လုပ်ရာတွင် လိုအပ်သည့်တံတားကြီး ၁၀စင်း အနက် ခြောက်စင်း တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ကာ ကျန်တံတားလေးစင်းမပြီး စီးမီ ယာယီဘေလီတံတားနှင့် ရေပေါ်တံတားများ တည်ဆောက်ပေးထားရာ ယခုဒီဇင်ဘာလကုန်တွင် တောင်ကုတ်–မအီမှကျောက်ဖြူသို့ ခရီးသည်တင် ယာဉ်ငယ်များ ပြေးဆွဲရန်စီစဉ်ထားပြီးဖြစ်ကြောင်း၊ ယင်းလမ်းများနှင့်ဆက်စပ်၍ ရန်ကုန်–ကျောက်ဖြူလမ်းမကြီး ပေါ်ထွန်းလာတော့မည်ဖြစ်ကြောင်း၊ ကျောက်ဖြူမြို့ကိုလည်း ရေနက်ပင်လယ်ဆိပ်ကမ်း တည်ဆောက်ရန် အစီအမံများ ဆောင်ရွက်နေပြီဖြစ်ရာ အထက်ပါလမ်းများ၏ လမ်းဆုံဖြစ်သည့် မအီမြို့သည် ကူးသန်းသွားလာမှု များပြားလာသည်နှင့်အမျှ မြို့၏စီးပွားရေးအခြေအနေများသည်လည်း ကောင်းမွန်လာတော့မည်ဖြစ်ကြောင်း ပြောကြားသည်။

**(သတင်းစဉ်)**

**နိုဝင်ဘာ ၂၆ရက်က လှိုင်သာယာမြို့နယ် အလက (၁) မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးကျင်းပရာ ကျောင်းတက်ရက်မှန်ဆုရ အလယ်တန်းပြဆရာမ ဒေါ်လှလှဆွေအား ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းစိုးက ဂုဏ်ပြုဆုချီးမြှင့်စဉ်။** (၁၈၀)



## ရန်ကုန်တပ်ကလပ်ကျောင်း အာစရိယပူဇော်မည်

**ရန်ကုန် ဒီဇင်ဘာ ၁၅**

ရန်ကုန်တပ်ကလပ် အခလွတ်တန်းမြင့်ကျောင်း ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၂၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို ၂၀၀၅ခုနှစ် ဇန်နဝါရီ၂ရက် (တနင်္ဂနွေ နေ့)တွင် အထက (၃) တာမွေခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ယင်းနေ့နံနက် ၁၀နာရီတွင် ကွယ်လွန်သူ ဆရာကြီး၊ ဆရာမကြီးများအားရည်စူး၍ သံဃာတော် အရှင်မြတ်တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး မွန်းလွဲ ၁၂ နာရီခွဲတွင် သက်ရှိထင်ရှား ရှိနေကြသည့် ကျောင်းအုပ်ဆရာကြီး ဦးဘကျော် အမှူးပြုသော ဆရာကြီး၊ ဆရာမကြီး များကို ပူဇော်ကန်တော့မည်ဖြစ်ရာ အနယ်နယ် အရပ်ရပ်ရှိ ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။

**(က–ပ)**

## ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်း မန္တလေးသမဝါယမကောလိပ် စစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၁၅

**သမဝါယမဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဒီဇင်ဘာ ၁၂ရက် နံနက် ၈ နာရီက မန္တလေးသမဝါယမကောလိပ်သို့ ရောက်ရှိလာရာ မန္တလေးသမဝါယမကောလိပ်မှ တာဝန်ရှိ သူများက ကျောင်း၏သင်ကြားနေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ဝန်ကြီးသည် မန္တလေးသမဝါယမကောလိပ်တွင် ဖွင့်လှစ်သင်ကြားလျက်ရှိသော Computer Training Center, Computer Aided Language နှင့် ကျောင်းစာကြည့်တိုက်၊ ကျောင်းသားကျောင်းသူများ စာသင်ကြားနေမှုအခြေအနေများကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။**

### ရှင်းလင်းတင်ပြ

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးတိုင်း ပြင်ဦးလွင်မြို့ရှိ မန္တလေးတိုင်း အထွေထွေစီးပွားရေး လုပ်ငန်း သမဝါယမအသင်းစုချုပ်၏ နို့ဆီချက်စက်ရုံသို့ ရောက်ရှိလာရာ အသင်းရုံးရှင်းလင်းဆောင်၌ အသင်းစုချုပ်နှင့် ကောင်းစိုက်ပျိုးရေးနှင့် အထွေထွေ စီးပွားရေးလုပ်ငန်း သမဝါယမအသင်းတို့မှ တာဝန်ရှိသူများက စက်ရုံ၏ သမိုင်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။ ထို့နောက် ဝန်ကြီးသည် စက်ရုံအတွင်း ပြင်ဦးလွင်ဒေသမှ ရာသီအလိုက် ထွက်ရှိသည့် သီးနှံ (စတော်ဘယ်ရီ၊ နာနတ်၊ လိမ္မော်၊ ယိုမျိုးစုံ၊ သံပရာရည်၊ မက်မန်းဝိုင်၊ ခရမ်းချဉ်သီးဆော့) စားသောက်ကုန်ပစ္စည်းများ ထုတ်လုပ်နေမှုကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

### မှာကြား

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ပြင်ဦးလွင်မြို့ မြို့မဈေးကြီး ငွေစုငွေချေး သမဝါယမအသင်းကို လည်းကောင်း၊ ပြင်ဦးလွင်မြို့နယ် သမဝါယမအသင်း ကုန်ပဒေသာဆိုင်နှင့် ပြင်ဦးလွင်ခရိုင် ဂျီအီးစီအရောင်းဆိုင်ကို လည်းကောင်း၊ ပြင်ဦးလွင်မြို့နယ် ရေငယ်ကျေးရွာ ရွှေယမုံလယ်ယာနှင့် အထွေထွေ စီးပွားရေးလုပ်ငန်းသမဝါယမအသင်းကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မိုးကုတ်ခုနစ်ရက် တရားစခန်း

**ရန်ကုန် ဒီဇင်ဘာ ၁၅**

မော်လမြိုင် ဈေးချိုတောင်ဝိုင်းရပ် ဓမ္မရက္ခိတ မိုးကုတ်ရိပ်သာကြီးတွင် (၃၄)ကြိမ်မြောက် မိုးကုတ်၇ရက်စခန်းပွဲကို နယ်လှည့်ဓမ္မကထိက မိုးကုတ်ကမ္မဋ္ဌာနာစရိယ လူမှုထူးချွန် (ဒုတိယ–တတိယဆင့်)မော်လမြိုင် တောင်ဝိုင်းဆရာတော်ချင်းတွင်း အရှင်ကလျာဏနှင့်မော်လမြိုင် အောက်ကျင်းရပ် ဓမ္မဝန်ဆောင် ဆရာဦးသန်းဝင်းတို့က မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းပွဲဝင်လိုသူယောဂီများ ဒီဇင်ဘာ၂၇ရက် (တနင်္လာနေ့) ညနေအရောက် လာရောက်ကြရန်နှင့် အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲ၊ ရာသက်ပန်ငွေပဒေသာပင်များ ပါရမီရှင်များ လာရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

## နိဗ္ဗာန်ရောက်ကြောင်း တရားဟောကြားမည်

**ရန်ကုန် ဒီဇင်ဘာ ၁၅**

ရန်ကုန်တိုင်း သာကေတမြို့နယ် (၁)အနော်မာရပ်ကွက် အနော်မာ ၁၅လမ်းတွင်(၁၆)ကြိမ်မြောက် ဓမ္မပူဇာသဘင်ကို (၁၃၆၆ ခုနှစ် နတ်တော်လဆန်း ၆ရက်) ဒီဇင်ဘာ ၁၇ရက်တွင် စတင်ကျင်းပမည်ဖြစ်ရာ ဒီဇင်ဘာ ၁၇ရက်တွင် မဇ္ဈိမဂုဏ်ရည်ဆရာတော် ဒေါက်တာကောဝိဒ၊ ၁၈ ရက်တွင် မဟာဝိသုဒ္ဓါရုံ ရွှေကျင်ကျောင်း ဘဒ္ဒန္တသီရိကဥ္စန(ပိဋကတ် တစ်ပုံအောင်)၊ ၁၉ ရက်တွင် အုတ်ဖို ဦးဝေပုလ္လ၊ ၂၀ရက်တွင် ဘဒ္ဒန္တခေမာသီရိလင်္ကာ (သီတဂူကြာတစ်ပွင့်)၊ ၂၁ ရက်တွင် အောင်စကြာဆရာတော် ဘဒ္ဒန္တစန္ဒသူရိယ၊ ၂၂ ရက်တွင် ပါဠိကာရီ ဆရာတော် ဘဒ္ဒန္တအင်္ဂီသ၊ ၂၃ ရက်တွင် မုံရွာမြတမာ ဆရာတော် ဦးဥတ္တမစာရ၊ ၂၄ရက်တွင် သမင်ခြံဆရာတော် ဘဒ္ဒန္တဇနကတို့က ညစဉ် ၇နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဟု သိရသည်။

**(က–ပ)**

# အားကစားဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ကြက်တောင်ရိုက်ပြိုင်ပွဲဖွင့်ပွဲ အမှာစကားပြောကြား

ရန်ကုန် ဒီဇင်ဘာ ၁၅

**၂၀၀၄ ခုနှစ် (၃၆)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ကြက်တောင်ရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် လမ်းမတော်မြို့နယ် ကျုံးကြီးလမ်းရှိ အမျိုးသားကြက်တောင်အားကစားခန်းမ ဒုတိယထပ်တွင် ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက် အမှာစကား ပြောကြားပြီး ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။**

အခမ်းအနားတွင် ရှေးဦးစွာ ပြိုင်ပွဲဝင်အသင်းများ ကွင်းအတွင်း ဝင်ရောက်နေရာယူကြပြီး အားကစား ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သူရ အေးမြင့်က အဖွင့်အမှာစကားပြောကြားကာ ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။ ထို့နောက် ပြိုင်ပွဲဝင်အားကစားမောင်မယ်များ အားကစားသစ္စာ အဓိဋ္ဌာန် ရွတ်ဆိုကြသည်။ **(ယာပုံ)**

ယနေ့ ဒုတိယနေ့ပွဲစဉ်များအဖြစ် အသက်(၁၄)နှစ်အောက် အမျိုးသား တစ်ဦးချင်းပြိုင်ပွဲနှစ်ပွဲ၊ အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲ နှစ်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ နှစ်ပွဲ၊ အသက်(၁၆)နှစ်အောက် အမျိုးသားနှစ်ယောက်တွဲ ပြိုင်ပွဲ နှစ်ပွဲ၊ အမျိုးသမီး တစ်ဦးချင်း ပြိုင်ပွဲ နှစ်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ နှစ်ပွဲ၊(၁၈)နှစ်အောက်အမျိုးသားတစ်ဦး ချင်းပြိုင်ပွဲ နှစ်ပွဲ၊နှစ်ယောက်တွဲ ပြိုင်ပွဲ နှစ်ပွဲ၊ အမျိုးသမီးနှစ်ယောက်တွဲ ပြိုင်ပွဲ နှစ်ပွဲ စုစုပေါင်း ၁၈ ပွဲ ကျင်းပသည်။

**ပါဝင်ယှဉ်ပြိုင်**

ပြိုင်ပွဲသို့ ရန်ကုန်တိုင်း၊ မန္တလေး တိုင်း၊ ဧရာဝတီတိုင်း၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်း ပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း နှင့် မကွေးတိုင်းတို့မှ အသင်းပေါင်း ၁၃ သင်း ဝင်ရောက်ယှဉ်ပြိုင်လျက် ရှိသည်။

**ကျင်းပမည်**

ပြိုင်ပွဲကို ဒီဇင်ဘာ ၁၄ ရက်မှ ၁၉ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**



## တိုက်ဂါးဖလားဘောလုံးပြိုင်ပွဲ မြန်မာနှင့် အရှေ့တီမောပွဲစဉ် ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်ပေးမည်

**ရန်ကုန် ဒီဇင်ဘာ ၁၅**

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ဒီဇင်ဘာ ၇ ရက်မှ စတင်ကျင်းပ လျက်ရှိသည့် တိုက်ဂါးဖလားဘောလုံးပြိုင်ပွဲတွင် မြန်မာအသင်းယှဉ်ပြိုင် သည့် ပွဲစဉ်များကို မြန်မာ့ရုပ်မြင်သံကြားက ထုတ်လွှင့်ပေးလျက်ရှိရာ ဒီဇင်ဘာ ၁၆ ရက်တွင် ယှဉ်ပြိုင်ကစားမည့် မြန်မာနှင့် အရှေ့တီမောပွဲစဉ်ကို ယင်းနေ့ညနေ ၄နာရီ မိနစ် ၂၀တွင် စတင် တိုက်ရိုက်ထုတ်လွှင့်ပေးမည် ဖြစ်သည်။ **(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား

**၁၆-၁၂-၂၀၀၄ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာ ဂါရိကဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော် |
| ၇:၂၅ | ၂။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇:၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇:၄၀ | ၄။ | သံသာချိုအေးမင်္ဂလာတေး |
| ၇:၅၅ | ၅။ | ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက |
| ၈:၀၅ | ၆။ | အကပဒေသာ |
| ၈:၂၀ | ၇။ | လမူးတံတား |
| ၈:၃၀ | ၈။ | International News |
| ၈:၄၅ | ၉။ | Let's Go |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆:၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၁၆:၀၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ |
| ၁၆:၂၀ | ၃။ | Tiger cup ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် [မြန်မာနှင့်အရှေ့တီမော (Timor Leste)] |
| ၁၈:၁၅ | ၄။ | တေးဂီတအစီအစဉ် |
| ၁၈:၃၀ | ၅။ | ညနေခင်းသတင်း |
| ၁၉:၀၀ | ၆။ | မိုးလေဝသအခြေအနေ |
| ၁၉:၀၅ | ၇။ | နိုင်ငံခြားဓာတ်လမ်းတွဲ "လူချွန်လူကောင်း" (အပိုင်း-၃၇) |
| ၁၉:၃၅ | ၈။ | နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည် |
| ၂၀:၀၀ | ၉။ | ပြည်တွင်းသတင်း |
| | ၁၀။ | နိုင်ငံတကာသတင်းများ |
| | ၁၁။ | မိုးလေဝသအခြေအနေ |
| | ၁၂။ | မြန်မာဗီဒီယိုဇာတ်လမ်း "တစ်ခြမ်းပဲ့ လမင်း" (အပိုင်း-၁) (နိုင်နိုင်၊ နန္ဒာလှိုင်၊ ခင်သီတာထွန်း) [ဒါရိုက်တာ-မောင်မောင်ဦး (စနိုးပိုက်)] |

## ဓမ္မပူဇာသဘင် ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၅**

ဗဟန်းမြို့နယ် ဗိုလ်ချို(၁)ရပ်ကွက်သူ၊ ရပ်ကွက်သားများ စုပေါင်း၍ (၁၀)ကြိမ်မြောက် ဓမ္မပူဇာသဘင်ကို ဗိုလ်ချို(၁)ရပ်ကွက်ငြိမ်းချမ်းရေးဓမ္မာရုံ အနီး ညစဉ် ၇ နာရီမှစ၍ ဒီဇင်ဘာ ၁၉ရက်နှင့် ၂၉ ရက်ညတွင် ဓမ္မဒူတ အရှင်ဆေကိန္ဒ (အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓတက္ကသိုလ်)၊ ၂၀ရက် ညတွင် အရှင်သောဘဏ(ရွှေမြင့်မိုရ် ကျောင်းဆရာတော်)၊ ၂၁ ရက်နှင့် ၂၂ရက်ညတွင် တောင်ပေါ်ကျောင်း ဆရာတော် အရှင်သုနန္ဒ၊ ၂၃ရက်နှင့် ၂၄ရက်တွင် ယောဆရာတော် အရှင် သီရိန္ဒာဘိဝံသ၊ ၂၅၊ ၂၆၊၂၇ရက်ညတွင် အောင်စကြာဆရာတော် အရှင် စန္ဒ သူရိယ၊ ၂၈ရက်ညတွင် ဓမ္မဒူတ ဝနဝါသီ အရှင်ဝါသေဋ္ဌာ ဘိဝံသ(မုဒုံ) ကျောက်တလုံး၊ ၃၀ရက်နှင့် ၂၀၀၅ ခုနှစ်ဇန်နဝါရီ၁ရက်ညတွင် ရွှေပါရမီ တောရဆရာတော် အရှင်ဆန္ဒာဓိက၊ ဒီဇင်ဘာ ၃၁ ရက်နှင့် ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၂ရက်ညများတွင် အရှင် ကောသလ္လ(မုဒုံ)ဓမ္မဒူတ ကမ္မဋ္ဌာနာစရိယ ဆရာတော်ကြီးများက တရားတော်များ ညစဉ်ဟောကြားမည် ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

# အာဆီယံ တိုက်ဂါးဖလားဘောလုံးပြိုင်ပွဲ အုပ်စု(ခ) မြန်မာနှင့်အရှေ့တီမောအသင်း ယနေ့ယှဉ်ပြိုင်မည်

**သတင်းဆောင်းပါး – ကိုထွေး**

Tiger Cup
ASEAN FOOTBALL CHAMPIONSHIP 2004

**ရန်ကုန် ဒီဇင်ဘာ ၁၅**

(၅)ကြိမ်မြောက် အာဆီယံတိုက်ဂါးဖလား (Tiger Cup) ဘောလုံးပြိုင်ပွဲအုပ်စု(ခ)နောက်ဆုံးပွဲစဉ်များကို (ယနေ့)မြန်မာစံတော်ချိန် ညနေ ၄ နာရီ ၂၅ မိနစ်တွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ တစ်ပြိုင်တည်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ထိုင်းအသင်းနှင့် ဖိလစ်ပိုင် အသင်းတို့သည် ချီရက်အားကစားကွင်း၌လည်းကောင်း၊ မြန်မာအသင်းနှင့်အရှေ့တီမောအသင်းတို့သည်ဘူကစ်ဂျာလီအားကစားကွင်း၌လည်းကောင်း ယှဉ်ပြိုင်ကစားကြရမည် ဖြစ်သည်။

**မြန်မာအသင်း**

(၅)ကြိမ်မြောက် အာဆီယံတိုက်ဂါးဖလား (Tiger Cup) ဘောလုံးပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်လျက်ရှိသော မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် သုံးပွဲကစားရာတွင် နှစ်ပွဲနိုင်၊ တစ်ပွဲသရေ (၇)မှတ်ရရှိထားပြီဖြစ်ရာ အကြိုဗိုလ်လုပွဲတက်ရောက်ရန် လက်တစ်ကမ်းအလိုသို့ရောက်ရှိနေသည်။ မြန်မာအသင်းသည် လက်ရှိချန်ပီယံ ထိုင်းအသင်းကို တစ်ဂိုးစီသရေ ကစားနိုင်ခဲ့ပြီးနောက် အကြိုဗိုလ်လုပွဲတက်နိုင်မည့်အလားအလာကောင်းများပေါ်ထွက်လာခဲ့သည်။ အိမ်ရှင်မလေးရှားအသင်းကိုတစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့ပြီးနောက် အကြိုဗိုလ်လုပွဲသို့တက်ရောက်ရန် ရာခိုင်နှုန်းပြည့်နီးပါး သေချာသွားခဲ့သည်။

**အရှေ့တီမောအသင်း**

မြန်မာအသင်းနှင့် အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ်ယှဉ်ပြိုင်ကစားရမည့် အရှေ့တီမောအသင်းသည် အရှေ့တောင်အာရှဒေသတွင်း၌မျက်နှာသစ်အသင်းဖြစ်သည်။ (၅)ကြိမ်မြောက် အာဆီယံတိုက်ဂါးဖလားဘောလုံးပြိုင်ပွဲသည် အရှေ့တီမောအသင်း၏ ပထမဆုံးနိုင်ငံတကာပြိုင်ပွဲပင်ဖြစ်သည်။ အရှေ့တီမောအသင်းသည် ၎င်းတို့၏ ပထမဆုံးနိုင်ငံတကာပွဲဦးထွက်၌ အိမ်ရှင် မလေးရှားအသင်းကို ငါးဂိုးပြတ်ရှုံးနိမ့်ခြင်းနှင့် ရင်ဆိုင်လိုက်ရသည်။

အရှေ့တီမော အသင်းသည် ဘောလုံးဗီဇရှိသောအားကစားသမားများပါဝင်သော်လည်း အသင်းလိုက်စုစည်းကစားမှု အားနည်းသကဲ့သို့ ကြံ့ခိုင်မှုအပိုင်း၌လည်း လိုအပ်ချက်များ ရှိနေသည်။

**စိုးရိမ်စရာမရှိ**

မြန်မာနှင့် အရှေ့တီမောတို့၏ ပွဲစဉ်များကို မြန်မာပရိသတ်များ စိုးရိမ်နေရန်မလိုဘဲ အနိုင်ရရန်သေချာလျက်ရှိပေသည်။ မြန်မာ အသင်းအနေဖြင့် အဖွင့်ဂိုး စောစောစီးစီးမရသည့်တိုင် စိုးရိမ်စိတ်မရှိဘဲ ပုံမှန်အတိုင်း ကစားသွားပါက အချိန်တန်လျှင် ဂိုးရမည်သာဖြစ်သည်။ မြန်မာအသင်း၏ ကစားကွက်နှင့် ကစားအားကို အရှေ့တီမောအသင်း ကြာကြာ တောင့်ခံနိုင်မည် မဟုတ်၍ ပထမပိုင်းမှာပင် ဂိုးရဖွယ်ရှိသည်။ မြန်မာအသင်းကို ရလဒ်ကောင်းများ ဖြစ်ပေါ်စေခဲ့သူ ဘူဂေးရီးယားလူမျိုး နည်းပြချုပ် အိုင်ဗင်ကိုလက်ဗ်အနေဖြင့် မြန်မာအသင်း၏ကစားသမားစာရင်းကို မည်သို့ ပွဲထုတ်လာမည်ကိုမူ စိတ်ဝင်တစား စောင့်ကြည့်ရမည်ဖြစ်သည်။

**ပထမဆုံးအကြိမ်**

အာဆီယံတိုက်ဂါးဖလား ဘောလုံးပြိုင်ပွဲကို ၁၉၉၆ခုနှစ်မှစတင်၍ နှစ်နှစ်တစ်ကြိမ် ကျင်းပလာခဲ့ရာ ယခုဆိုလျှင် (၅)ကြိမ်မြောက်သို့ ရောက်ရှိလာခဲ့ပြီ ဖြစ်သည်။ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ (Sea Games) ၌ ထည့်သွင်းကျင်းပသော ဘောလုံးပြိုင်ပွဲတွင် အသက် ၂၃ နှစ်အောက် ဘောလုံးသမားများသာ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်ဟု ဆုံးဖြတ်ခဲ့ပြီးနောက် အာဆီယံ တိုက်ဂါးဖလားဘောလုံးပြိုင်ပွဲသည် အဆင့်အတန်း အမြင့်ဆုံးပြိုင်ပွဲကြီးတစ်ရပ်ပင်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းသည် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများ၌ အောင်မြင်မှုများအလီလီရရှိခဲ့သော်လည်း အာဆီယံ တိုက်ဂါးဖလား ဘောလုံးပြိုင်ပွဲ၌ အောင်မြင်မှုရရှိသော အစဉ်အလာမရှိခဲ့ချေ။ မြန်မာအသင်းသည် ကျင်းပပြီးစီးခဲ့သည့် အာဆီယံ တိုက်ဂါးဖလား (Tiger Cup) ဘောလုံးပြိုင်ပွဲ လေးကြိမ်စလုံးတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ရာ လေးကြိမ်စလုံး အုပ်စုအဆင့်မှပင် လှည့်ပြန်ခဲ့ရသည်။ ယခု (၅)ကြိမ်မြောက် ပြိုင်ပွဲ၌ မြန်မာအသင်း အကြိုဗိုလ်လုပွဲ တက်ရောက်ခဲ့မည်ဆိုပါက ပထမဆုံးကြိမ် အကြိုဗိုလ်လုပွဲတက်ရောက်နိုင်သောမှတ်တမ်းဝင်သွားမည် ဖြစ်သည်။

**အုပ်စု(က)ပွဲစဉ်**

(၅)ကြိမ်မြောက် အာဆီယံ တိုက်ဂါးဖလား (Tiger Cup) ဘောလုံးပြိုင်ပွဲ အုပ်စု(က)ပွဲစဉ်များကို ယနေ့ ညနေပိုင်းက ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့ မိုင်ဒင်အမျိုးသားအားကစားကွင်း၌ ဆက်လက်ကျင်းပသည်။

အိမ်ရှင် ဗီယက်နမ်အသင်းနှင့် လာအိုအသင်းတို့၏ ပွဲစဉ်တွင် ဗီယက်နမ်အသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ စင်ကာပူအသင်းနှင့် ကမ္ဘောဒီးယားအသင်းတို့၏ ပွဲစဉ်တွင် စင်ကာပူအသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

အုပ်စု(က)ပွဲစဉ်များ ပြီးဆုံးသွားပြီဖြစ်ရာ အင်ဒိုနီးရှားအသင်းက သုံးပွဲနိုင်၊ တစ်ပွဲသရေ(၁၀)မှတ်ဖြင့် အုပ်စုပထမ၊ စင်ကာပူအသင်းက နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ(၈)မှတ်ဖြင့် အုပ်စုဒုတိယ ရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။ ။ **(မြန်မာ့အလင်း)**

## အထက(၂)ရေနံချောင်း အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၅**

ရေနံချောင်းမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းတွင် တာဝန်ထမ်းဆောင်သွားကြပြီး အသက် ၆၀ ပြည့် အငြိမ်းစားယူသွားကြသည့် ဆရာကြီး ဆရာမကြီးများအား တတိယအကြိမ် အာစရိယပူဇော်ပွဲကို ၂၀၀၅ ခု နှစ် ဇန်နဝါရီ ၂ ရက် မွန်းလွဲ ၁နာရီတွင် အဆိုပါ ကျောင်းပတ္တမြားခန်းမ၌ကျင်းပမည်ဖြစ်ရာ အလှူငွေများ လှူဒါန်းလိုသူများသည် ဦးဉာဏ်ဝင်း ဖုန်း-၅၅၅၁၃၈၊ ဦးဝင်းအောင် ဖုန်း-၂၄၅၉၂၀၊ ဒေါ်ချိုချိုဝင်း (ဟံသာဝတီဆက်သွယ်ရေး) အထက (၂)၊ ရေနံချောင်း ဖုန်း-၀၆၀-၂၁၀၆၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**


## စက်မောင်းဆီ ချွေတာဖို့ သဘာဝဓာတ်ငွေ့ယာဉ်များ သုံးစွဲစို့

* မော်တော်ယာဉ်များတွင် ဓာတ်ဆီ၊ ဒီဇယ်ဆီအစား သဘာဝဓာတ်ငွေ့ အစားထိုးသုံးစွဲနိုင်သည်။
* သဘာဝဓာတ်ငွေ့ သုံးစွဲခြင်းဖြင့် စက်မောင်းဆီ ချွေတာနိုင်သည့်အပြင် အင်ဂျင်သက်တမ်းကိုလည်း ပိုရှည်စေသည်။
* ပြည်တွင်းထွက် သဘာဝဓာတ်ငွေ့ကို အကျိုးရှိရှိ လုံခြုံစိတ်ချစွာ အသုံးပြုနိုင်သည်။
* သဘာဝဓာတ်ငွေ့သည် ရာနှုန်းပြည့် လောင်ကျွမ်းမှုရှိသဖြင့် ပတ်ဝန်းကျင် သန့်ရှင်းမှုကို အထောက်အကူပြုသည်။
* အလုံအလောက် သုံးစွဲနိုင်သဖြင့် ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန် သွက်လက်စေသည်။



## အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းများ အခြေခံနှင့် အဆင့်မြင့်စက်ချုပ်သင်တန်း၊ သိုးမွေးစက်ဆွဲ သင်တန်းဆင်းပွဲကျင်းပ

ဟားခါး ဒီဇင်ဘာ ၁၅

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဟားခါးအမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း အခြေခံစက်ချုပ်သင်တန်း အမှတ်စဉ်(၂၆)၊ အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၉)၊ သိုးမွေးစက်ဆွဲသင်တန်း အမှတ်စဉ် (၁)၊ ကနုကမာ ကျောက်စီ ပန်းချီသင်တန်းအမှတ်စဉ်(၁)နှင့် အခြေခံရက်ကန်းသင်တန်းအမှတ်စဉ်(၁)သင်တန်းဆင်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၀ ရက် နံနက်က သင်တန်းကျောင်းခန်းမ၌ကျင်းပရာ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှ တက်ရောက်၍ သင်တန်းဆင်း အမှာစကား ပြောကြားသည်။**

အလားတူ မတူပီအမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း အခြေခံစက် ချုပ်သင်တန်းအမှတ်စဉ်(၃)နှင့် သိုးမွေးစက်ဆွဲ သင်တန်းအမှတ်စဉ်(၁) သင်တန်းဆင်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၀ရက် နံနက်တွင် ဘုံတလာ ခန်းမ၌ ကျင်းပရာ ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီး စန်းအောင် တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။ ထို့အတူ ဖလမ်း၊ မင်းတပ်နှင့်တီးတိန် အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင် တန်းကျောင်းများ၏ အခြေခံစက်ချုပ် သင်တန်း၊ သိုးမွေးစက်ဆွဲသင်တန်း၊ ကနုကမာကျောက်စီ ပန်းချီသင်တန်းနှင့် အခြေခံရက်ကန်းသင်တန်းများ၏ သင်တန်းဆင်းပွဲ အခမ်းအနားကို ဒီဇင် ဘာ ၁၀ ရက် နံနက်တွင် သက်ဆိုင်ရာ သင်တန်းကျောင်း အသီးသီး၌ ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မလှိုင် ထန်းပင်ကန်ကျေးရွာနှင့် မိတ္ထီလာ–မြင်းခြံကြားလမ်းမ ဆက်သွယ်မည့်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်မှု စည်ပင်သာယာ ဒုတိယညွှန်ကြားရေးမှူးချုပ်စစ်ဆေး

မလှိုင် ဒီဇင်ဘာ ၂

စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်( အင်ဂျင်နီယာ)ဦးကျော်သည် မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကံလှ၊ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမြင့်ဦးတို့နှင့်အတူ မလှိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် ထန်းပင်ကန်ကျေးရွာနှင့် မိတ္ထီလာ–မြင်းခြံကြားလမ်းမကြီး ဆက်သွယ်မည့်လမ်းအရှည် ၂မိုင် ၂ဖာလုံ၊ အကျယ် ၁၂ပေ၊ လမ်းပခုံးဝဲယာ သုံးပေရှိ အလူမီနီယံကတ္တရာ လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်မှုများကိုနိုဝင်ဘာ ၁၉ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။ **(အပေါ်ဝဲပုံ)**

ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့အား မလှိုင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းအောင်ခင်နှင့် တာဝန်ခံအင်ဂျင်နီယာဦးမြငြိမ်းတို့က ရှင်းလင်းပြသသည်။ **(မြို့နယ်စည်ပင်)**

**ကျိုင်းတုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကျိုင်းကာလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၁ ရက်က အမှုဆောင်အရာရှိ ဦးခင်ကျော်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးထွေးအောင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ် စည်ပင်)

# ကျေးလက်တစ်ခွင် ဖွံ့ဖြိုးစည်ပင်

**လားရှိုးမြို့ပြည်သူများ သောက်သုံးရေဖူလုံစွာ ရရှိရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြကန်သာရေကန်တောင်တွင် ရေကန်များ တိုးချဲ့တူးဖော်လျက်ရှိရာ ဒီဇင်ဘာ၃ရက်က အမှုဆောင် အရာရှိ ဦးမျိုးနိုင်အောင်နှင့် အငယ်တန်း အင်ဂျင်နီယာ(၂) ဦးဌေးလွင်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။** (မြို့နယ်စည်ပင်)



## ပင်လောင်းမြို့တွင် ပန်းအလှပင်များစိုက်ပျိုး

**ပင်လောင်း ဒီဇင်ဘာ ၈**

ပင်လောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သာယာလှပရေးအတွက် ပန်းအလှပင် ၅၀၀၀၀ စိုက်ပျိုးရန် စီမံချက်နှင့်အညီ ဆောင်ရွက်ကြသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် မြို့ဝင်မြို့ထွက် ဆိုင်းဘုတ်နေရာနှင့် လမ်းလယ်ကျွန်းများတွင် ဒီဇင်ဘာ ၁ ရက်က ပန်းအလှပင်များအား အဖွဲ့ဝန်ထမ်းများက စိုက်ပျိုးလျက်ရှိရာ မြို့နယ်ဥက္ကဋ္ဌ ဦးစောလှဦး၊ အဖွဲ့ဝင်(၁) ဒုတိယရဲမှူး တင်လှနှင့် အမှုဆောင်အရာရှိ ဦးကျော်စိုးတို့က ကြီးကြပ် ဆောင်ရွက်ပေးကြသည်။ **(အောက်ပုံ)** **(မြို့နယ် စည်ပင်)**



## ကျော်ဇေယျ မိုးစပါးစံကွက် ရိတ်သိမ်း ကျွန်းစုတွင်တစ်ဧက တင်း၇၀ ကျော် ထွက်ရှိ

**မြိတ် ဒီဇင်ဘာ ၈**

တနင်္သာရီတိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းမန်နေဂျာ ဦးတင်မောင်မြင့်၊ ခရိုင်မန်နေဂျာ ဦးအောင်ကျော်မြင့်နှင့်အဖွဲ့သည် နိုဝင်ဘာ ၂၈ ရက်က ကျွန်းစုမြို့နယ် ဝါရစ်ကျေးရွာအုပ်စုတွင် နွေစပါးနှင့် ဆောင်းသီးနှံစိုက်ပျိုးထုတ်လုပ်ရေး ပန်းတိုင်အထွက်နှုန်းရရှိရေးနည်းလမ်းအလိုက် အကျိုးရှိစွာ စနစ်တကျအသုံးပြုရေးတို့ကို ရှင်းလင်း ပြောကြားရာ မြို့နယ်မန်နေဂျာ ဦးသိမ်းဖေနှင့် မြို့နယ်မြေစာရင်း ဦးစီးမှူး ဦးစောရှိန်တို့က လုပ်ငန်း ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်း တင်ပြကြသည်။

ထို့နောက် တောင်သူ ဦးခင်မောင်လွင်၏ ကျော်ဇေယျ မိုးစပါးစိုက်ခင်းအား ကျေးရွာစိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဝင်များနှင့် လယ်သမားများ စုပေါင်း စံကွက်ရိတ်သိမ်းခဲ့ရာ တစ်ဧက ၇၀ဒသမ ၃၁ တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



## မြို့ပြနှင့်ကျေးလက်စည်ပင်လုပ်ငန်းများ အရှိန်အဟုန်မြှင့် မိတ္ထီလာမြို့တွင်းလမ်းများ ကတ္တရာလမ်းအဖြစ်ဆောင်ရွက်

**မိတ္ထီလာ ဒီဇင်ဘာ ၁၅**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ စည်ပင်သာယာရေးအဖွဲ့များသည် မြို့ပြနှင့်ကျေးလက်စည်ပင်သာယာရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ မန္တလေးတိုင်း မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄–၂၀၀၅ ဘဏ္ဍာရေးနှစ်အတွင်း အရှည် ၁၁၄၅ ပေ၊ အကျယ် ၁၂ ပေရှိ ဈေးပတ်လမ်း၊ အရှည်ပေ ၁၃၂၀၊ အကျယ် ၁၀ ပေ ရှိ ကုန်တိုက်နောက်ကျောလမ်း၊ အရှည်ပေ ၈၃၀၊ အကျယ် ၁၂ ပေရှိ ယူနန်ရှေ့လမ်း၊ အရှည် ၂၁၇၉ ပေ၊ အကျယ် ၁၂ ပေရှိ ပြည်သာယာ(တောင်) ၂ လမ်း အရှည်ပေ ၅၀၀၊ အကျယ် ၁၂ ပေရှိ စာတိုက်လမ်း၊ အရှည် ၁၀၃၂ ပေ၊ အကျယ် ၁၂ ပေရှိ နွားပွဲဈေးလမ်း၊ အရှည် ၉၅၇ ပေ၊ အကျယ် ၁၂ ပေရှိ ရတနာမာန်အောင်လမ်း၊ အရှည် ၁၄၆၃ ပေ၊ အကျယ် ၁၂ ပေရှိ ကျီတော်ကုန်းလမ်း နှင့် အရှည်ပေ ၆၀၀၊ အကျယ် ၁၂ ပေရှိ စာတိုက်လမ်းတို့ကို ကတ္တရာလမ်းများအဖြစ် အမှုဆောင်အရာရှိ ဦးဝင်းမင်းသန်းနှင့် အင်ဂျင်နီယာမှူး ဦးစန်းဝင်းတို့က ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**လပွတ္တာမြို့နယ် ပြင်စလူဂန့်အိတ် ကျေးရွာ အုပ်စုတွင် နိုဝင်ဘာ ၂၃ ရက်က မြမြင့်မိုရ် ကိုယ့်အားကိုယ် ကိုး စာကြည့် တိုက် ကို မြို့နယ် ပြန်ကြား ရေး နှင့် ပြည်သူ့ဆက်ဆံ ရေး ဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးဝင်းထိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။** (မြို့နယ် ပြန်/ဆက်)

# ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဂျပန်နိုင်ငံစိုက်ပျိုးရေး၊သစ်တောနှင့်ငါးလုပ်ငန်းဝန်ကြီးဌာနမှ အဖွဲ့ဝင်များအားလက်ခံတွေ့ဆုံ

ရန်ကုန် ဒီဇင်ဘာ ၁၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ်ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဂျပန်နိုင်ငံ **Agriculture, Forestry and Fisheries** မှ **Senior Vice Minister, H.E. Mr.Mineichi Iwanaga** နှင့်အဖွဲ့ဝင်များအား ယနေ့ညနေ ၅နာရီတွင် ရန်ကုန်မြို့ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (အောက်ပုံ)

*စာမျက်နှာ ၆ ကော်လံ ၁* ■



# နိုင်ငံတော်အကြီးအကဲက တန်ဖိုးမဖြတ်နိုင်သည့်အမျိုးသားအမွေအနှစ်ပညာရပ် ပြန်လည်ထွန်းကားရေးလမ်းညွှန်ထား တိမ်မြုပ်ပျောက်ကွယ်လုနီးပါး တိုင်းရင်းဆေးပညာရပ်များ၊ကုထုံးများ ပြန်လည်ဖော်ထုတ်ပြီး ပြန့်ပွားရေးဆွေးနွေး မြန်မာ့တိုင်းရင်းဆေးပညာ နိုင်ငံတကာကလက်ခံနိုင်သည့် သိပ္ပံနည်းကျဆေးပညာရပ်ဖြစ်ရေး ဆက်လက်ကြိုးပမ်း

**ရန်ကုန် ဒီဇင်ဘာ ၁၅**

ပဋ္ဌမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ ပြည်ထောင်စုခန်းမ၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက သဝဏ်လွှာပေးပို့ပြီး အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ■

### နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး နှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသား ရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ပဋ္ဌမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံဖွင့်ပွဲအခမ်းအနားတွင် ညီလာခံသို့တက်ရောက်လာသော မြန်မာ့တိုင်းရင်းဆေးသမားတော်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)